# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957

e – paper ဖတ်ရှုရန်


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 4 September 2026 ၁၂၂၉၁




ဒုတိယသမ္မတ ဦးညိုစောရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား

ဗလာဒီဗော့စတော့ စက်တင်ဘာ ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ် နယ်မြေရှိ အဆောက်အအုံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၃

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေကျပ် ၉၆၀၁ ဒသမ ၂၆၈၂၇ သန်းဖြင့် ကုမ္ပဏီ ၁၄၈ ခုမှ ပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၃ ရက်က စတင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။


စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖


## ပြည်-ပုဂံရထားလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတား ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

တောင်တွင်းကြီးမြို့နယ် ပြည်-အောင်လံ-ဆတ်သွား-ပုဂံရထားလမ်းပိုင်း၊ ဝက္ကသေးနှင့် ဆတ်သွားဘူတာအကြား အရှည်ပေ ၄၀၀ ရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမှတ်(၃၄၃) ရန်ပယ်ချောင်းတံတားကို ပို့ဆောင်ရေးဝန်ကြီးဌာနက ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၃ သို့ ✳




### ယနေ့ ဖတ်စရာ


ကွမ်းတံတွေးကင်းစင် မြို့ပြတစ်ခွင် — ဆောင်းပါး စာမျက်နှာ » ၆

ဆီကြိတ်ခွဲသန့်စင်စက်ရုံ တည်ဆောက်သွားမည် — စာမျက်နှာ » ၇

ISBN ဆိုတာ ဘာလဲ – စာရေးသူတိုင်း သိထားသင့်သော အခြေခံအချက်များ — ဆောင်းပါး စာမျက်နှာ » ၁၀


## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ●


## မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း၌ ဌာနဆိုင်ရာ OSS အဖွဲ့များ၏ ကုန်စစ်ဆေးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စစ်ဆေးဆောင်ရွက်လျက်ရှိ



မြစ်ကြီးနား စက်တင်ဘာ ၃

ကချင်ပြည်နယ်နှင့် တစ်ဖက်တရုတ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ တရားမဝင်ကုန်စည်များ ဝင်ရောက်မှုမရှိစေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ရရှိစေရေးအတွက် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စစ်ဆေးရေးစခန်း၌ OSS ရုံးအဖွဲ့ဝင်ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင်


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ကြေးမုံ

# မမှန်မကန်ထုတ်ပြန်ဖော်ပြချက်များကို အခြေအနေမှန်ဖြင့်ပြတ်သားစွာချေဖျက်

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နောက်ဆက်တွဲအခြေအနေများကို နိုင်ငံအချို့က ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများအနေဖြင့် အမျိုးမျိုးအဖုံဖုံ ရေးသားထုတ်လွှင့်ဖော်ပြလျက်ရှိကြသည်။ ယင်းသို့ ရေးသားထုတ်လွှင့်ဖော်ပြပြောဆိုနေမှုများသည် သတင်းမှားများ၊ အချက်အလက်မှားများအပေါ်အခြေခံလျက် တစ်ဖက်စောင်းနင်း ရေးသားဖော်ပြပြောဆိုနေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နောက်ဆက်တွဲဖြစ်စဉ်များသည် အာဆာအကြမ်းဖက်အဖွဲ့၏ တစ်ပြိုင်နက်တည်း အကွက်ချကြိုတင်စီစဉ် စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ကို အကြိမ်ကြိမ်သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဖြစ်စဉ်အမှန်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် ရဲတပ်ရင်းများကို တစ်ပြိုင်တည်း တိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများ ပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်အနေဖြင့် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရသည်။ သို့သော် ကမ္ဘာ့နိုင်ငံအချို့က အာဆာအကြမ်းဖက်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို လျစ်လျူရှုထားသဖြင့် အကြမ်းဖက်လုပ်ရပ်အမှန်ကိုသာ မှန်မှန်ကန်ကန်ရှုတ်ချသင့်သည်။

အာဆာအကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ၎င်းတို့၏အစွန်းရောက် အကြမ်းဖက်ဝါဒဖြင့် ခြိမ်းခြောက်မှုများလုပ်ဆောင်မှုကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂါလီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း နေရပ်စွန့်ခွာမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကို လျစ်လျူရှုကာ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့်ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်မှုများကို မပြုလုပ်သင့်ကြောင်းသိစေလိုသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သဖြင့် မိမိနိုင်ငံအား ကာကွယ်ပိုင်ခွင့်နှင့် နိုင်ငံနှင့် လူမျိုးအပေါ်ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ရာတွင် အပြစ်မဲ့ဒေသခံပြည်သူများနှင့် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်အတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် လွဲမှားစွာသုံးစွဲဖော်ပြလျက်ရှိသည့် အခြေအနေများကိုလည်း ပြတ်သားစွာ ကန့်ကွက်ရှုတ်ချရမည်ဖြစ်သည်။ ယင်းစကားရပ်ကို နိုင်ငံရေးရည်ရွယ်ချက်ရှိရှိဖြင့်အသုံးပြု၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဆက်စပ်ဖြစ်စဉ်များအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်ရန်အတွက် ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ ထုတ်ပြန်နေခြင်းသည် လုံးဝလက်ခံနိုင်စရာအကြောင်းမရှိပေ။ ယင်းဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင်ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကို မြန်မာနိုင်ငံက စေတနာအမှန်ဖြင့် ကြိုးပမ်းအားထုတ်မှုများအတွက် အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်မည်မဟုတ်ပေ။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသူအားလုံးကို မြန်မာနိုင်ငံမှ ဒုက္ခသည်များဟု စွပ်စွဲပြောကြားမှုများသည် အခြေအမြစ်မရှိသည့် ပြောဆိုမှုများသာဖြစ်သည်။ အဆိုပါပြောဆိုချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်မိသည်။

မြန်မာနိုင်ငံက ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့ကြသူများကို ပြန်လည်လက်ခံရန် စိတ်ဆန္ဒအမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့်ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မျက်မြင်စစ်ဆေးခြင်းခရီးစဉ်၊ သံတမန်များအားပြသသည့် ခရီးစဉ်များဖြင့် ခိုင်ခိုင်မာမာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်သည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံအနေဖြင့်စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက် လုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုဖြင့် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ် နိုင်ငံအပါအဝင် ခင်မင်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများနှင့် လုံခြုံရေးကောင်းမွန်သည့်အခါတွင် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ဆန္ဒအလျောက်၊ လုံခြုံဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်ကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ မြေပြင်ပကတိအခြေအနေအမှန်ကို အသိအမှတ်ပြုခြင်းမရှိဘဲ နိုင်ငံအချို့က နိုင်ငံရေးလှုံ့ဆော်မှုဖြင့် နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာမမှန်မကန်ပုံဖော်နေမှုများ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများတွင် ဖော်ပြချက်များကို ပြတ်သားစွာပယ်ချပြီး မှန်ကန်သော ဆောင်ရွက်ချက်များဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇာနည်ဝင်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## (၃ - ၉ -၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၅၃၀,၉၅၃.၇၃ | ၁,၅၆၄,၀၄၃.၆၀ | ၁၃၀,၉၇၈,၆၇၆.၀၀ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၃ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၃၄၃ | ၂၄,၁၇၂,၅၀၀ |
| MTSH | ၈,၇၀၀ | ၈,၆၀၀ | ၂,၄၂၂ | ၂၀,၉၁၈,၀၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၅၀၀ | ၅၀၈ | ၆,၆၀၅,၅၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၂,၀၆၄ | ၁၄,၂၄၃,၀၀၀ |
| TMH | ၃,၅၅၀ | ၃,၄၅၀ | ၁၀၁ | ၃၄၉,၇၅၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃,၂၇၉ | ၆,၀၆၆,၁၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၁ | ၃,၉၀၀ |
| MAEX | ၆,၇၀၀ | ၆,၈၀၀ | ၃၆၅ | ၂,၄၄၆,၁၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၁၀၁ | ၆၄၆,၄၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၈၀၀ | ၃,၄၀၃ | ၂၂,၇၀၀,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် moderator အဖြစ် RBC TV Channel မှ ကီရီးလ်တာကာရက်ဗ်က ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ပရာဘိုဝိုဆူဘီ ယန်တို၊ မွန်ဂိုလီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အူချရယ် ညမ်းအိုဆာရ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တင်းရွှယ်ရှန်နှင့် ဒုတိယသမ္မတ ဦးညိုစောတို့က မိန့်ခွန်းပြောကြားကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ သံတမန်များ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် အရှေ့ဖျားစီးပွားရေးဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းဆက်သွယ်မှုများကို မြှင့်တင်ပေးပြီး မိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများရှာဖွေရန် အရေးပါကြောင်း။

ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် မြန်မာနိုင်ငံသမ္မတ ဦးမင်းအောင်လှိုင်တို့၏ မကြာသေးမီက တွေ့ဆုံမှုမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

* **Digital Transformation၊ Artificial Intelligence၊ Innovation နှင့် Modern Infrastructure တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါ**
* **မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများအသုံးချ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန် ဆောင်ရွက်နေ**

Digital Transformation၊ Artificial Intelligence၊ Innovation နှင့် Modern Infrastructure တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများ အသုံးချ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံသည် အာရှဒေသ၏ မဟာဗျူဟာမြောက် ပထဝီတည်နေရာတွင်ရှိပြီး အိန္ဒိယ၊ တရုတ်နှင့် အာဆီယံဈေးကွက်များအကြား ချိတ်ဆက်ပေးနိုင်သည့် ကုန်းတွင်းတံတားသဖွယ် အရေးပါကြောင်း၊ အာဆီယံ၊ လန်ချန်း-မဲခေါင်နှင့် BIMSTEC အဖွဲ့များတွင် ပါဝင်ခြင်းတို့ကြောင့် ဒေသတွင်းကုန်သွယ်ရေးနှင့် စီးပွားရေးချိတ်ဆက်မှုများ တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက် အရှေ့အနောက်စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အချက်အချာနေရာတွင် မြန်မာနိုင်ငံတည်ရှိနေမှုကို အခွင့်အလမ်းအဖြစ်အသုံးချရန်နှင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် မကြာသေးမီက ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် အပြန်အလှန်ဆက်ဆံမှုများ ပိုမိုခိုင်မာစေရုံသာမက နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးသော်လည်း နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်အားပေးထောက်ခံမှုများနှင့် ခိုင်မာရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်များအားလုံးနှင့် ပိုမိုချိတ်ဆက်၍ ခိုင်မာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပလျက်ရှိသည့် (၁၁)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်၌ ကျင်းပသည့် “The Business Environment of the Future : Global Experience and New Solutions” ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ VEB.RF ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအဖွဲ့မှ မဟာဗျူဟာဌာနအကြီးအကဲ Mr. Mikhail Khomich က ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတရုံး၏ ကျွမ်းကျင်ပညာရှင်များဌာန ဒုတိယအကြီးအကဲ၊ ရုရှားနိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM မှ ညွှန်ကြားရေးမှူး၊ Sberbank ၏ အမှုဆောင်ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မဟာဗျူဟာမြောက်ဦးဆောင်မှုအေဂျင်စီ (ASI) မှ ညွှန်ကြားရေးမှူး၊ ကိုရီးယား-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် ထိုင်း-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး ရုရှားအရှေ့ဖျားဒေသအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံကောင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးကိုကိုကျော်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများ ပြဋ္ဌာန်းထားပြီး ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနေမှု၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရေရှည်တည်တံ့သော ခိုင်မာသည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဆောင်ရွက်ထားရှိမှုနှင့် MSMEs လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန် (SEZ) စီမံကိန်းများကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ဝန်ကြီးဌာနအဖွဲ့အစည်းများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာစေရေး၊ ပြည်သူလူထု အတွင်း ပိုက်ကျော်ခြင်းအားကစားနည်းကို တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်ပြန့်ပွားလာစေရေး၊ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးတင်ဦးလွင်၊ ဦးသန်းမောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများမှ အားကစားသမား မောင်/မယ်များအနေဖြင့် မိမိတို့ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် ဝန်ကြီးဌာနအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစနှင့် အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းကို အင်အားဖြည့်တင်းပေးနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန် တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်ပြီး ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၇ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**○ မြစ်ကြီးနားမှ**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒေသတွင်းစားသောက်ကုန်များ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ခွင့်ပြုထားသော ကုန်ပစ္စည်းများကို သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးခွင့်ပြုနိုင်ရေး၊ ခြံဝင်းအတွင်း ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်သည့် ယာဉ်ကြီးများ စနစ်တကျရပ်နား၍ ကုန်စစ်ဆေးမှုလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ ယာဉ်စစ်ဆေးရေးစင် အမြန်ဆုံးတည်ဆောက်နိုင်ရေးနှင့် ကုန်စစ်ဆေးရေးကွင်းအတွင်း သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကုန်တင်ယာဉ်များပါ သွင်းကုန်ပစ္စည်းများ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့မွန်းလွဲပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပါက မြစ်ကြီးနားမြို့ မြေနိမ့်ရပ်ကွက်များရှိ လမ်းမများနှင့် လူနေအိမ်များတွင် ရေဝပ်တင်ကျန်မှုများဖြစ်ပေါ်မှုနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲအပြီးတွင် ရေဝပ်တင်ကျန်မှု အများဆုံးဖြစ်ခဲ့သည့် ခေမာသီရိရပ်ကွက်အတွင်း လမ်းသွယ် (၁၀) အနီး အမှတ် (၃) ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှု၊ ပင်မမြောင်းအတွင်းစီးဝင်သည့် မြောင်းသွယ်များ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည့် အခြေအနေ၊ ရမ်ပူရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းသည့် အမှတ် (၄) ပင်မရေနုတ်မြောင်း ဖြတ်သန်းစီးမှုအပေါ် မြောင်းသွယ်များစီးဝင်မှုနှင့် Box Culvert များ ဆုံသည့်နေရာများတွင် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရမည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လက်ရှိ ရေဝပ်တင်ကျန်မှုဖြစ်စဉ်အပေါ် အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး၊ ရေရှည်အတွက် ပင်မမြောင်းများနှင့် မြောင်းသွယ်များကို မြေပြင်ကွင်းဆင်းစစ်ဆေး၍ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

**❖ အကြမ်းဖက်မှ**

ထို့ပြင် ပြုပြင်ရန်ကျန်ရှိသည့် တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် အဆောက်အအုံ ၅၀ နှင့် အလုံးစုံပျက်စီးသည့် အဆောက်အအုံ ၇၂ ခုတို့အား သက်ဆိုင်ရာဌာန အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ တွေ့ဆုံညှိနှိုင်း အစည်းအဝေးမှ သိရသည်။

**ကြည့်ရှုစစ်ဆေး**

အစည်းအဝေး အပြီးတွင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် အတူ ဖလမ်းခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖလမ်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး အဆောက်အအုံ ပြန်လည်ပြုပြင်နေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အပျက်အစီးများရှင်းလင်းပြီးစီးမှု၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင် ပြန်လည်ပြုပြင်နေမှု၊ ခရိုင်လမ်းဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့် ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ ပြည် – ပုဂံမှ**

အဆိုပါ ရန်ပယ်ချောင်းကူး ရထားလမ်းတံတား၏ နိမ့်ကျနေသော ရေလယ်တိုင် အမှတ် (၂) နှင့်(၃) တို့ကို Rerailing Equipment (စက်ဂျိုင့်)များနှင့် မတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း ရေများစီးဆင်းမှုမရှိစေရေး ရေကာတန်းများပြုလုပ်၍ ရေလမ်းကြောင်းပြောင်းကာ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပျဉ်းမနား-တောင်တွင်းကြီးမှတစ်ဆင့် ပုဂံသို့သွားလာနေရသဖြင့် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်၊ စက်တင်ဘာလနောက်ဆုံးအပတ်တွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရန်၊ တံတားနှင့်အတူ တံတားပေါ်တွင် သံလမ်းခင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးတို့ကို ဂရုပြုကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါတံတားသည် ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ခဲ့သော တံတားတစ်စင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးဆင်းမှုကြောင့် ရေလယ်တိုင်နိမ့်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**● နေရာစိပ်စိပ်မှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---



ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့က အမှတ်(၂) ရပ်ကွက် အထက (မြို့တွင်း)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ပေါက်စ(မင်းလှ)



## စက်ရက်ကန်း၊ လက်ရက်ကန်းသင်တန်းများနှင့် စက်ပြင်သင်တန်းများ၊ စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

မုံရွာ စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ ရရှိစေရန်အတွက် စက်ရက်ကန်း၊ လက်ရက်ကန်းသင်တန်းများနှင့် စက်ပြင်သင်တန်းများ၊ စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ကျောင်းအုပ်ကြီးက စက်ရက်ကန်း၊ လက်ရက်ကန်းများဖြင့် သင်တန်းသား သင်တန်းသူများအား အဝတ်အထည် အမျိုးမျိုး ရက်လုပ်သင်ကြားပေးနေမှုကို လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများ သင်တန်းများသို့ အခက်အခဲမရှိ တက်ရောက် သင်ကြားနိုင်ရေးအတွက် ကွင်းဆင်းကာ လိုအပ်သည်များ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပေးသွားရေး၊ အဝတ်အထည်များ ဒီဇိုင်းများဆန်းသစ်စွာဖြင့် ရက်လုပ်သွားရေးတို့ကို မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စက်ချုပ်သင်တန်းခန်းမနှင့် သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်ရက်လုပ်ထားသည့် အဝတ်အထည်အမျိုးမျိုးနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ထို့ပြင် မုံရွာပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးမြို့ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံကြီး၌ (ပဥ္စမအကြိမ်)အခမဲ့ မျက်စိခွဲစိတ်ကုသမှုခံယူနေသော လူနာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အလှူငွေပေးအပ်လှူဒါန်း

မကွေး စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး အတွင်းရှိ အမြင်အာရုံချို့တဲ့နေသော မိဘပြည်သူများအား အလင်းပြန်လည်ရရှိစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးရှိသော အစိုးရအဖွဲ့ဝင် ဝန်ကြီးတို့က သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံကြီး၌(ပဥ္စမအကြိမ်)အခမဲ့မျက်စိခွဲစိတ်ကုသမှုခံယူနေသော လူနာများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်အတွင်းရှိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံကြီး (ပဥ္စမအကြိမ်)၌ အခမဲ့မျက်စိခွဲစိတ်ကုသမှု ခံယူနေသော လူနာများအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သီတဂူမြင့်မိုရ်စံစက္ခုဒါနဆေးရုံကြီးအတွင်း သီတဂူအထူးကုဆရာဝန်ကြီးများ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးမှ ပါရဂူများနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ခေတ်မီစက်ကိရိယာများဖြင့် မျက်စိဝေဒနာရှင်များအား စနစ်တကျစမ်းသပ်စစ်ဆေးပေးနေမှု၊ ခွဲစိတ်ခန်းအတွင်း မျက်စိခွဲစိတ်ကုသပေးနေမှုနှင့် ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား ဆေးဝါးကုသစောင့်ရှောက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ မျက်စိဝေဒနာရှင်များအတွက် မျက်မှန်၊ မျက်စဉ်း၊ ဆေးဝါး၊ အာဟာရဖြည့် စွက်စာများနှင့် ပံ့ပိုးငွေကျပ် စုစုပေါင်း ၂၅ သိန်းကို ပေးအပ်ကာ မျက်စိဝေဒနာရှင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

အဆိုပါ မကွေးမြို့ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံကြီးတွင် ပဥ္စမအကြိမ်အဖြစ် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ လာရောက်ပြသကြသော မျက်စိဝေဒနာရှင်စုစုပေါင်း ၁၆၀၀ ကျော်ကို စမ်းသပ်စစ်ဆေးခဲ့ပြီး မျက်စိအတွင်းတိမ်နှင့် ရေတိမ်ဝေဒနာရှင်တို့အား သီတဂူ အထူးကုဆရာဝန်ကြီးများက ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကာ မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအားလုံး၏ နေထိုင်စားသောက်ရေးအတွက် သီတဂူသာသနာပြုအဖွဲ့နှင့် အလှူရှင်များက အခမဲ့ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



## မြောင်းမြမြို့၌ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးသည် ယမန်နေ့မွန်းလွဲပိုင်းက မြောင်းမြမြို့နယ်ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ MSME လုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## ဟသ်ာတမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ခဲ့သော ကျေးရွာများသို့ ကျန်းမာရေးဌာန ကလိုရင်းဆေးခတ်ခြင်း ကွင်းဆင်းဆောင်ရွက်

ဟသ်ာတ စက်တင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် အတွင်းရှိ ရေကြီးရေလျှံမှု ဖြစ်ခဲ့သော ကျေးရွာအတွင်းရှိ ရေတွင်း ရေကန်၊ ရေအရင်းအမြစ်များတွင် ကလိုရင်းဆေးခတ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက အနီးကပ်ကြီးကြပ်မှုဖြင့် လဟာပကျေးရွာ၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင် ဦးဆောင်



သော ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်ဦး ဦးဆောင်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဟသ်ာတမြို့နယ်ရှိ ရေဝင်နစ်မြုပ်ခဲ့သော ကျေးရွာများအနက် ကျေးရွာ ၆၇ ရွာတို့တွင် အဖွဲ့ ၂၀၊ အင်အား ၁၀၀ တို့က ယနေ့မှ စတင်ပြီး ရေတွင်း ရေကန်များတွင် သုံးကြိမ် ဆေးခတ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ လူဦးရေ ၅၀၄ ဦးအား ကိုဗစ်(၁၉)ရောဂါကာကွယ်ဆေး Pfizer အပိုဆောင်းထိုးနှံပေး



သာစည် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေ ၅၀၄ ဦးအား စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရုံးခန်းမတွင် ကိုဗစ်(၁၉)ရောဂါကာကွယ်ဆေး Pfizer ကို အပိုဆောင်း ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မန္တလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူ စုစုပေါင်း ၅၀၄ ဦးအား ကိုဗစ်(၁၉)ရောဂါကာကွယ်ဆေး Pfizer ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကွမ်းတံတွေးကင်းစင် မြို့ပြတစ်ခွင်

ဝေဖြိုးအောင်

**မြန်မာနိုင်ငံတွင် ကွမ်းစားခြင်းအလေ့အထရှိခဲ့သော်လည်း ခေတ်ကာလပြောင်းလဲလာပြီး မြို့ပြများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသောအခါ ထိုဓလေ့ထုံးတမ်းနှင့် ခေတ်မီမြို့ပြတည်ဆောက်ရေးတို့အကြား ကြီးမားသောပွတ်တိုက်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ အထူးသဖြင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းသည် မြို့ပြ၏အလှအပကို တိုက်ရိုက်ထိခိုက်စေရုံသာမက ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုပါ ဆိုးရွားစွာခြိမ်းခြောက်လာလျက်ရှိပါသည်။**



သန့်ရှင်းလှပသောစမတ်စီးတီး (Smart City) ၏ 3D ပုံစံ။

ကွမ်းယာကို အခြေခံလူတန်းစားမှစ၍ လူတန်းစားမရွေး စားသုံးနေကြပြီး လမ်းဘေးကွမ်းယာဆိုင်ငယ်လေးများသည် မြန်မာ့မြို့ပြလမ်းမများ၏ နေ့စဉ်မြင်ကွင်းတစ်ခု ဖြစ်နေပါသည်။ ကွမ်းစားသူအများစုသည် စိတ်ရွှင်လန်းစေရန်၊ အိပ်ငိုက်ပြေစေရန်နှင့် အလုပ်လုပ်ရာတွင် အာရုံစူးစိုက်နိုင်ရန် အကြောင်းပြချက်များဖြင့် စားသုံးကြပါသည်။ သို့ရာတွင် ကျေးလက်ဒေသများ၌ မြေကြီးပေါ်သို့ ကွမ်းတံတွေးထွေးခြင်းသည် သဘာဝအလျောက် ပျောက်ကွယ်သွားနိုင်သော်လည်း ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများ၊ အဆင့်မြင့် အဆောက်အအုံများနှင့် လူစည်ကားသော မြို့ပြပတ်ဝန်းကျင်တွင်မူ အနီရောင်ကွမ်းတံတွေးကွက်များသည် ဖျက်ရခက်သော အကျည်းတန်အစွန်းအထင်းများအဖြစ် ကျန်ရစ်နေစေပါသည်။ မြို့ပြလူနေမှုစနစ်တွင် လူဦးရေထူထပ်မှုများပြားလာသည်နှင့်အမျှ ဤပြဿနာသည် ပိုမိုသိသာထင်ရှားလာပြီး အများပြည်သူဆိုင်ရာနေရာများကို ညစ်ညမ်းစေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်လာပါသည်။

**မြို့ပြအလှအပအပေါ်**
**တိုက်ရိုက်သက်ရောက်မှုများ**

မြို့ပြအလှအပဆိုသည်မှာ သန့်ရှင်းသပ်ရပ်သော လမ်းမများ၊ မျက်စိပသာဒဖြစ်စေသော ပန်းခြံများ၊ သပ်ရပ်သော အဆောက်အအုံများနှင့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ်တွင်မူတည်ပါသည်။ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းကြောင့် ခုံကျော်တံတားများ၊ ဓာတ်လှေကားများ၊ အများပြည်သူသုံးသန့်စင်ခန်းများ၊ ဘတ်စ်ကားမှတ်တိုင်များနှင့် လမ်းဘေးပလက်ဖောင်းများတွင် ထွေးထားသောကွမ်းသွေးများက မြို့ပြ၏ပုံရိပ်ကို ဆိုးရွားစွာကျဆင်းစေပါသည်။ နိုင်ငံတကာမှ လာရောက်ကြသော ဧည့်သည်တော်များ၊ သံတမန်များနှင့် ရင်းနှီးမြှုပ်နှံသူများ ဝင်ထွက်သွားလာရာ မြို့တော်များတွင် ဤကဲ့သို့သော မြင်ကွင်းများသည် နိုင်ငံ၏စည်းကမ်းလိုက်နာမှုနှင့် အုပ်ချုပ်ရေးယန္တရား၏ ထိရောက်မှုအပေါ် အပျက်သဘောဆောင်သောအမြင်များကို ချက်ချင်းဖြစ်ပေါ်စေပါသည်။ သန့်ရှင်းသပ်ရပ်သော မြို့ပြပတ်ဝန်းကျင်သည် နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း အထောက်အကူပြုသဖြင့် မြို့ပြအလှအပကို ထိန်းသိမ်းရန်မှာ မရှိမဖြစ်လိုအပ်လှပါသည်။

**စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေယိုဖိတ်မှု**

ကွမ်းတံတွေးများကြောင့် ညစ်ပေသွားသော အဆောက်အအုံများနှင့် လမ်းမများကို ပြန်လည်သန့်ရှင်းရေးလုပ်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များကို သုံးစွဲနေရပါသည်။ ကွမ်းတံတွေးသည် သာမန်ရေဖြင့် ဆေးကြော၍မရဘဲ သန့်စင်ဆေးရည်များ၊ ဖိအားမြင့်ရေမှုတ်စက်များနှင့် ကျွမ်းကျင်လုပ်သားများကို နေ့စဉ်နှင့်အမျှ အသုံးပြုရန်လိုအပ်ပါသည်။

ယင်းလုပ်ငန်းစဉ်သည် အချိန်ကုန်၊ ငွေကုန်ကြေးကျ များပြားလှပါသည်။ ထို့ပြင် အစွန်းအထင်းများ မပြယ်နိုင်တော့သည့်အခါ နံရံများနှင့် လမ်းပြောင်းကျောက်တုံးများကို မကြာခဏဆေးပြန်သုတ်ရခြင်း၊ အသစ်လဲလှယ်ရခြင်းများသည် မလိုအပ်သောအသုံးစရိတ်များ ဖြစ်လာစေပါသည်။ ဤသို့ဘဏ္ဍာငွေများ လေလွင့်နေမည့်အစား အခြားသော မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**ပြည်သူ့ကျန်းမာရေးနှင့်**
**မြို့ပြသန့်ရှင်းရေးစံညွှန်းများ**

ကွမ်းစားခြင်းနှင့် ကွမ်းတံတွေးထွေးခြင်းသည် အလှအပကိုသာမက ကျန်းမာရေးကိုပါ တိုက်ရိုက်ထိခိုက်စေပါသည်။ ကွမ်းယာစားသုံးခြင်းသည် ခံတွင်းကင်ဆာကို ဖြစ်စေနိုင်သော အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် အများပြည်သူသွားလာရာနေရာများတွင် တံတွေးနှင့် ကွမ်းတံတွေးများ ထွေးခြင်းသည် တီဘီ (Tuberculosis – TB) ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကို လွယ်ကူစွာပြန့်ပွားစေပါသည်။ အချို့သော အဆောက်အအုံများတွင် ဆေးလိပ်သောက်ရန် သို့မဟုတ် ကွမ်းစားရန် သီးသန့်နေရာများ သတ်မှတ်ပေးလေ့ရှိသော်လည်း မှန်ကန်သော မြို့ပြကျန်းမာရေးမူဝါဒအရ ယင်းအလေ့အထများကို အားပေးအားမြှောက်မဖြစ်စေရန် ထိုကဲ့သို့သော သီးသန့်နေရာများ ထည့်သွင်းပေးခြင်းကို ရှောင်ကြဉ်ပြီး စည်းကမ်းချက်များကို တင်းကျပ်စွာ ချမှတ်ရမည် ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ**
**ခြိမ်းခြောက်မှုများ**

ကွမ်းယာစားသုံးမှုနှင့် ဆက်စပ်နေသော အခြားဆိုးကျိုးတစ်ခုမှာ ပလတ်စတစ်အမှိုက် ပြဿနာဖြစ်ပါသည်။ ကွမ်းယာများကို အများအားဖြင့် ပလတ်စတစ်အိတ်ငယ်များဖြင့် ထုပ်ပိုးရောင်းချလေ့ရှိရာ စားသုံးပြီးနောက် စည်းကမ်းမဲ့စွန့်ပစ်လိုက်သော ပလတ်စတစ်ခွံများသည် လမ်းဘေးရေမြောင်းများ၊ မြေအောက်ရေဆင်းစနစ်များအတွင်း ပိတ်ဆို့မှုကို ဖြစ်ပေါ်စေပါသည်။ ဤအခြေအနေသည် မိုးရာသီတွင် ရေစီးရေလာကို ဟန့်တားစေပြီး မြို့ပြရေကြီးရေလျှံမှုပြဿနာကို ပိုမိုဆိုးရွားစေပါသည်။ ပလတ်စတစ်များသည် ဆွေးမြည့်ပျက်စီးရန် နှစ်ပေါင်းရာချီ ကြာမြင့်တတ်သဖြင့် မြေဆီလွှာအရည်အသွေးကို ကျဆင်းစေကာ မြို့ပြစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များကိုလည်း သွယ်ဝိုက်သောနည်းဖြင့် ထိခိုက်စေပါသည်။

**နိုင်ငံတကာမှ မြို့ပြမူဝါဒ**
**အတွေ့အကြုံများ**

အာရှနိုင်ငံအချို့တွင် ကွမ်းစားခြင်းဓလေ့ရှိကြသော်လည်း မြို့ပြအလှအပအတွက် စနစ်တကျ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံ၏ မြို့ပြသန့်ရှင်းရေးဥပဒေသည် အလွန်တင်းကျပ်ပြီး အများပြည်သူပိုင်နေရာများတွင် တံတွေး သို့မဟုတ် ကွမ်းတံတွေးထွေးခြင်းအတွက် ကြီးမားသောဒဏ်ကြေးငွေ ပြဋ္ဌာန်းထားကာ ထိရောက်စွာ အရေးယူလျက်ရှိပါသည်။ ဤသို့ဥပဒေစိုးမိုးမှုကို တိကျပြတ်သားစွာ ကျင့်သုံးခြင်းဖြင့် စင်ကာပူသည် ကမ္ဘာပေါ်တွင် အသန့်ရှင်းဆုံးမြို့တော်တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

**အနာဂတ် စမတ်စီးတီးနှင့်**
**စည်းကမ်းပြည့်ဝသော လူ့အဖွဲ့အစည်း**

ခေတ်သစ်မြို့ပြများဖြစ်သော စမတ်စီးတီးများ တည်ဆောက်ရာတွင် နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရုံဖြင့် မလုံလောက်ဘဲ ထိုမြို့တွင် နေထိုင်ကြသော နိုင်ငံသားများ၏ အသိဉာဏ်၊ စည်းကမ်းသေဝပ်မှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းသည် အလွန်အရေးကြီးပါသည်။ ဒီဂျစ်တယ်စနစ်ဖြင့် ယာဉ်ကြောထိန်းချုပ်မှုများ၊ လုံခြုံရေးကင်မရာများအသုံးပြု၍ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးသူများကို ခြေရာခံအရေးယူသည့်စနစ်များအထိ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်များအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလှပသော မြို့ပြလူနေမှုဝန်းကျင်ကို အမွေပေးနိုင်မည်ဖြစ်ပါသည်။

**ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု**

မြို့ပြသန့်ရှင်းရေးသည် အစိုးရနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်သာမကဘဲ ပြည်သူတစ်ဦးချင်းစီတိုင်းတွင် တာဝန်ရှိပါသည်။ မိမိမြို့၊ မိမိရပ်ကွက် သန့်ရှင်းရေးဟူသောစိတ်ဓာတ်ကို မြှင့်တင်ပေးပြီး ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်လာစေမည့် လှုပ်ရှားမှုများကို ဖန်တီးပေးရမည်ဖြစ်ပါသည်။ ကွမ်းစားခြင်း၏ ကျန်းမာရေးဆိုးကျိုးများနှင့် မြို့ပြအလှအပကို ဖျက်ဆီးခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြဿနာများကို ပြည်သူများ သိရှိနားလည်စေရန် မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းကို စဉ်ဆက်မပြတ်ပြုလုပ်သွားရပါမည်။

ကွမ်းယာစားသုံးခြင်းသည် မြန်မာ့ရိုးရာဓလေ့တစ်ခုဖြစ်သော်လည်း အများပြည်သူပိုင်နေရာများတွင် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းသည် ခေတ်မီပြီး သန့်ရှင်းသာယာသော မြို့ပြတည်ဆောက်ရေးလုပ်ငန်းစဉ်များကို များစွာနှောင့်နှေးစေပါသည်။ မြို့ပြအလှအပသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် စည်းကမ်းသေဝပ်မှုကို ထင်ဟပ်ပြသနေပါသည်။ ထို့ကြောင့် တာဝန်ရှိအဖွဲ့အစည်းများ၏ ထိရောက်သောမြို့ပြစီမံခန့်ခွဲမှု၊ တင်းကျပ်သော ဥပဒေအာဏာတည်မှု၊ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့အပြင် ပြည်သူတစ်ဦးချင်းစီ၏ စည်းကမ်းလိုက်နာမှုနှင့် အသိစိတ်ဓာတ်များ ပေါင်းစပ်မှသာလျှင် ကွမ်းသွေးအစွန်းအထင်း ကင်းစင်ပြီး လှပသန့်ရှင်းသော အနာဂတ်မြို့ပြများကို အောင်မြင်စွာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ။

> **ကွမ်းစားခြင်းနှင့် ကွမ်းတံတွေးထွေးခြင်းသည် အလှအပကိုသာမက ကျန်းမာရေးကိုပါ တိုက်ရိုက်ထိခိုက်စေပါသည်။ ကွမ်းယာစားသုံးခြင်းသည် ခံတွင်းကင်ဆာကိုဖြစ်စေနိုင်သော အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် အများပြည်သူသွားလာရာနေရာများတွင် တံတွေးနှင့် ကွမ်းတံတွေးများထွေးခြင်းသည် တီဘီ (Tuberculosis - TB) ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကို လွယ်ကူစွာပြန့်ပွားစေပါသည်။ အချို့သော အဆောက်အအုံများတွင် ဆေးလိပ်သောက်ရန် သို့မဟုတ် ကွမ်းစားရန် သီးသန့်နေရာများ သတ်မှတ်ပေးလေ့ရှိသော်လည်း မှန်ကန်သော မြို့ပြကျန်းမာရေးမူဝါဒအရ ယင်းအလေ့အထများကို အားပေးအားမြှောက်မဖြစ်စေရန် ထိုကဲ့သို့သော သီးသန့်နေရာများ ထည့်သွင်းပေးခြင်းကို ရှောင်ကြဉ်ပြီး စည်းကမ်းချက်များကို တင်းကျပ်စွာချမှတ်ရမည်**


**မှီငြမ်းကိုးကားစာရင်း**

၁။ World Health Organization (WHO) Report on Smokeless Tobacco and Public Health.

၂။ မြို့ပြမူဝါဒဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနစာတမ်းများ (Urban Policy Research Papers)။




## လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃



# ဆီကြိတ်ခွဲသန့်စင်စက်ရုံ တည်ဆောက်သွားမည်

**တောင်ကြီး စက်တင်ဘာ ၃**

ရှမ်းပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆီဖူလုံရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆီကြိတ်ခွဲသန့်စင်စက်ရုံ တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ညှိနှိုင်းဆွေးနွေး**

ဆီကြိတ်ခွဲ သန့်စင်စက်ရုံ တည်ဆောက်ဆောင်ရွက်ရေး၊ ပြည်နယ်အတွင်း စိုက်ပျိုးရေး/ မွေးမြူရေး/ ဆီဖူလုံရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဒေသတွင်း ဆီဖူလုံရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက လိုအပ်သည်များ မှာကြားသည်။

လက်ရှိ ရှမ်းပြည်နယ်တစ်ခုလုံး ပဲပုပ်စိုက်ဧက ၁၇၀၀၀၀ ကျော်ရှိသော်လည်း လုပ်ငန်းသုံးနှင့် ပုံမှန်ဆီကြိတ်စက်များမှ ကြိတ်ခွဲမှုများသာရှိကြောင်း၊ ပြည်နယ်အတွင်း ဆီဖူလုံရေးအတွက် တစ်ရက် ကုန်ကြမ်းတန် ၁၀၀ ကြိတ်ခွဲထုတ်လုပ်နိုင်သော ဆီစက်လည်ပတ်ပါက တစ်ရက် ဆီ ၁၈ တန်ခန့် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၃**

နီပေါနိုင်ငံတွင် ဩဂုတ် ၂၆ ရက်၌ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ် (၁၆) ရှိ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ နေပြည်တော်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာ လူရည်ချွန်ဆုရရှိသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊



သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် သာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် တပ်မတော် စစ်သမိုင်းပြတိုက် နေပြည်တော်သို့ သွားရောက်လေ့လာကြသည်။ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများနှင့် ပြင်ပပြကွက်များကို လေ့လာကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြခန်းပြကွက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီအား မော်ကွန်းတင် ကမ္ဗည်းရေးထိုးထားရှိသည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သိရသည်။

သတင်းစဉ်



## ဝဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၃

ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ ပေါင်းစပ်၍ ရေဝင်လမ်းအတွင်း Geo-bags သဲအိတ်ကြီးများချခြင်း၊ ပန်းတာ၏ လက်ဝဲဘက်ခြမ်းနှင့် လက်ယာဘက်ခြမ်းတို့တွင် ရေတိုက်စားမှုကာကွယ်ရန် သဲအိတ် ၁၀၀ ပါ နိုင်လွန်ပိုက်ကြိုးဖြင့်ထုပ်ပိုးသည့် သဲအိတ်တွဲများချခြင်း၊ ရောမောင် သောင်တူး စက်ကြီးရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ပန်းတာရေဝင်လမ်းအနီးသို့ သဲမှုတ်သွင်းခြင်း၊ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်နှင့် Silent Pile Driver, Vibro Hammer Driver တို့ဖြင့် Steel Sheet Pile ရိုက်ခြင်း၊ ရေဝင်လမ်းပိတ်ဆို့ကာကွယ်ရန် CB တွဲခွံ ပေ (၈၀ x ၁၈ x ၉ ) အတွင်း သဲ၊ ကျောက်ထည့်သွင်းနှစ်မြှုပ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝဝန်တာနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေးမျက်နှာမြို့နယ် ဝဝန်တာနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရောမောင် သောင်တူးရေယာဉ်ဖြင့် သောင်တူး၍ သဲဖို့ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် လေးမျက်နှာမြို့နယ် ကွမ်းခြံကုန်း(အရှေ့)ကျေးရွာသေဋ္ဌိကာရုံကျောင်းတိုက်တွင် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် ရေဘေးကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းရိုင်းပင်းကူညီကာ အခက်အခဲများကို အတူတကွကျော်လွှားနိုင်မည် ဖြစ်ကြောင်း၊ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာအုပ်စုသို့ သွားရောက်၍ အောင်ဆုပေးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးရှောင်စခန်းအတွက် မီးစက်တစ်လုံး၊ စက်သုံးဆီများနှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်သည်။ ယင်းနောက် လေးမျက်နှာမြို့ ကူညီကယ်ဆယ်ရေးကွပ်ကဲရေးရုံးသို့ သွားရောက်၍ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ဟင်္သာတမြို့နယ် တလုတ္တေဘ်မြို့ အမှတ် (၂)ရပ်ကွက် ရွှေငြိမ်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ပြည်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်သည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း မြို့၊ ရွာ၊ ရပ်ကွက်များသို့ အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geo-bags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့်ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုကို ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် ၁၁/၅ နှင့် ၁၁/၆ အကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါး ရေတိုက်စားမှုဒဏ် ကာကွယ်ရန်နှင့် ကမ်းပါးမြေမပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများအား ဓာတ်မြေဩဇာ စုပေါင်းဖြန့်ဖြူးရောင်းချ



မန္တလေး စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မိုးစပါးနှင့်မိုးသီးနှံများအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများအား ဓာတ်မြေဩဇာစုပေါင်းဖြန့်ဖြူးရောင်းချပွဲကို ယမန်နေ့ နံနက်ပိုင်းက နတ်ရေကန်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ(၃)၌ ပြုလုပ်သည်။

အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများသည် အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ အုပ်စုမှ တောင်သူ ၅၂၃ ဦးအား အာမိုကွန်ပေါင်းအိတ်၂၀၀၀ နှင့် မာလာမြိုင်ပုလဲဓာတ်မြေဩဇာအိတ် ၂၀၀၀ တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

**လှဲ့လှဲ့ခိုင်(အမရပူရ)**

# ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက် ဒိုင်းဆုရ မွန်ပြည်နယ် အမျိုးသမီးအသင်းနှင့် ရွှေတံဆိပ်ဆုရ အမျိုးသားအသင်းတို့အား ဂုဏ်ပြု



**မော်လမြိုင် စက်တင်ဘာ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိကျေးရွာများတွင် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိုက်ပျိုးမြေဧရိယာများ ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရေးအတွက် မော်လမြိုင်မြို့နယ် ကော့နတ်ကျေးရွာနှင့် ကတိုးကျေးရွာတို့၌ ချောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကော့နတ်ကျေးရွာ၌ ကိုလိုနီခေတ်က မွန်သူဌေးကြီး ဦးနာအောက် ဆောက်လုပ် လှူဒါန်းခဲ့သော ကော့နတ်စေတီတော်မြတ်ကြီးနှင့် ကျောင်းဆောင်များ၊ မဟာဝိဇယ သိမ်တော်ကြီးအတွင်း မွန်ရိုးရာ အနုလက်ရာများအပြင် ကိုလိုနီခေတ် ဗိသုကာလက်ရာများကို လှည့်လည်ကြည့်ရှု လေ့လာကာ ကော့နတ်စေတီတော်မြတ်ကြီး၏ တိုက်ကျောင်းကြီး၌ ဘဒ္ဒန္တသောမ မဟာထေရ်ထံ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရ မွန်ပြည်နယ်အမျိုးသမီးပိုက်ကျော်ခြင်း အသင်းနှင့် ရွှေတံဆိပ်ဆုရ အမျိုးသားပိုက်ကျော်ခြင်း အသင်းတို့အား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပထမတံခွန်စိုက်ဆုဖလားကို ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှံကာ (ဝဲအပေါ်ပုံ) တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် မွန်ပြည်နယ် အမျိုးသမီး ပိုက်ကျော်ခြင်း အသင်းအား ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေးမြို့နယ်၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရေး စက်တင်ဘာ ၃**

မွန်ပြည်နယ်ရေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် စိန်ကြီးကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး၊ ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိန်ကြီးကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခေတ္တခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ စိန်ကြီးကျေးရွာ၌ 3.6 KW ဆိုလာစနစ် တည်ဆောက်ခြင်း၊ 2HP Submersible Pump တပ်ဆင်ခြင်းနှင့် ဆပ်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်နယ်ရန်ပုံငွေကျပ် ၂၀ ဒသမ ၃၇ သန်းဖြင့် ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ဩဂုတ်လ စတုတ္ထပတ်မှစတင်ကာ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# ထန်းတပင်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ထန်းတပင် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် သရက်ပင်ကျေးရွာ သရက်ပင်မိုးမခကျောင်းကြီးကျောင်းတိုက်၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁) ဦးသက်တင်ထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဦးမျိုးမျိုးသိန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့မှ ဌာနအလိုက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖြူးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်



**ဖြူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ရေသျှုံကြီးကျေးရွာ၏ မြေငှားဂရန်များပေးအပ်ပွဲကို စက်တင်ဘာ ၂ ရက်က ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၈၅ စုအတွက် မြေငှားဂရန်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ISBN ဆိုတာ ဘာလဲ — စာရေးသူတိုင်း သိထားသင့်သော အခြေခံအချက်များ

စာအုပ်တစ်အုပ် ရေးသားပြီးသွားပြီဆိုပါစို့။ စာမူကို တည်းဖြတ်ပြီးပြီ။ မျက်နှာဖုံးလည်း ဒီဇိုင်းဆွဲပြီးပြီ။ ပုံနှိပ်တိုက်ကို ပို့ဖို့အသင့်ဖြစ်နေပြီ။ ထိုအချိန်တွင် စာရေးသူအသစ်များ မကြာခဏကြုံရသည့် မေးခွန်းတစ်ခု ပေါ်လာတတ်သည်။

**"ISBN ယူပြီးပြီလား"**

တချို့က ISBN ကို စာအုပ်အဖုံးနောက်ကျောတွင် ဘားကုဒ်နှင့် အတူတွေ့ရသည့် နံပါတ်တစ်ခုဟု သိထားကြသည်။ တချို့က စာအုပ်မှတ်ပုံတင်နံပါတ်ဟု နားလည်ထားကြပြီး တချို့က ISBN ရှိမှ မူပိုင်ခွင့်ရသည်ဟု ထင်တတ်ကြသည်။ အမှန်တကယ်တွင် ISBN ၏ အဓိပ္ပာယ်နှင့် အလုပ်လုပ်ပုံသည် ထိုထက်ပိုမိုတိကျသည်။

**ISBN ဆိုတာ ဘာလဲ**

ISBN ဆိုသည်မှာ International Standard Book Number ၏ အတိုကောက်ဖြစ်သည်။ ယနေ့အသုံးပြုနေသော ISBN သည် ဂဏန်း ၁၃ လုံးပါဝင်သည့် နိုင်ငံတကာစံ ခွဲခြားသတ်မှတ်အမှတ်အသား (identifier) တစ်ခုဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသော သီးခြား ထုတ်ဝေမှုတစ်ခုကို တိကျစွာဖော်ထုတ်ရန် အသုံးပြုသည်။

အလွယ်ဆုံးပြောရလျှင် ISBN သည် စာအုပ်အမည်ကိုသာ ညွှန်းသည့် နံပါတ်မဟုတ်ပါ။ စာအုပ်အမည်တူနိုင်သည်၊ စာရေးသူ အမည်တူနိုင်သည်၊ ထုတ်ဝေသူ မတူနိုင်၊ ထုတ်ဝေမှု (edition) မတူနိုင်၊ ထုတ်ဝေမှုပုံစံ (format) မတူနိုင်။ ထို့ကြောင့် "မည်သည့်ထုတ်ဝေမှုကို ရည်ညွှန်းနေသနည်း" ဆိုသည့်မေးခွန်းကို စနစ်များက တိကျစွာ ဖြေရှင်းနိုင်ရန် စံသတ်မှတ်ထားသော identifier လိုအပ်လာသည်။ ISBN က ထိုတာဝန်ကို ထမ်းဆောင်ပေးသည်။

**ISBN–13 ၏ ဖွဲ့စည်းပုံ**

ISBN–13 သည် ကျပန်းရွေးထားသော ဂဏန်း ၁၃ လုံးမဟုတ်ပါ။ ၎င်းတွင် Prefix Element၊ Registration Group Element၊ Registrant Element၊ Publication Element နှင့် Check Digit ဟူသော အပိုင်းငါးပိုင်း ပါဝင်သည်။ Registration Group Element သည် နိုင်ငံ၊ ပထဝီဒေသ၊ ဘာသာစကား သို့မဟုတ် သတ်မှတ်ထားသော registration group တစ်ခုနှင့် ဆက်စပ်နိုင်သည်။ Registrant Element က ထုတ်ဝေသူ သို့မဟုတ် registrant ကို ဖော်ထုတ်ရာတွင် အသုံးဝင်ပြီး Publication Element က သက်ဆိုင်ရာ သီးခြားထုတ်ဝေမှုကို ခွဲခြားပေးသည်။ နောက်ဆုံး Check Digit က နံပါတ်၏တိကျမှုကို စစ်ဆေးပေးသည်။

**စာအုပ်တစ်အုပ်မှာ ISBN တစ်ခုရှိရုံနဲ့ အမြဲမပြီးနိုင်ပါ**

စာရေးသူများ သိထားသင့်သည့် အရေးကြီးဆုံးအချက်တစ်ခုမှာ ထုတ်ဝေမှုနှင့် ထုတ်ဝေမှုပုံစံမတူပါက သီးခြား ISBN လိုအပ်နိုင်ခြင်း ဖြစ်သည်။ ဥပမာ စာအုပ်တစ်အုပ်ကို အဖုံးပျော့(paperback) နှင့် အဖုံးမာ (hardcover) နှစ်မျိုးထုတ်ဝေပါက စာအုပ်အမည်နှင့် အကြောင်းအရာတူနိုင်သော်လည်း ဈေးနှုန်း၊ ထုတ်လုပ်မှု၊ သိုလှောင်စာရင်းနှင့် မှာယူမှုတို့မှာ သီးခြားကုန်ပစ္စည်းများအဖြစ် စီမံရနိုင်သည်။ ထို့ကြောင့် product form မတူသည့် ထုတ်ဝေမှုများကို သီးခြား ဖော်ထုတ်ရန် ISBN သီးခြားသတ်မှတ်ရသည်။

သို့သော် စာလုံးပေါင်းအမှား သေးသေးလေးပြင်ခြင်းကဲ့သို့ အသေးစားပြင်ဆင်မှုတိုင်းအတွက် ISBN အသစ်မလိုပါ။ အကြောင်းအရာနှင့် ထုတ်ဝေမှုမပြောင်းဘဲ ရိုးရိုးပြန်လည်ပုံနှိပ်ခြင်း (reprint) သာဖြစ်ပါက ပုံမှန်အားဖြင့် ယခင် ISBN ကို ဆက်သုံးနိုင်သည်။ သိသာထင်ရှားစွာ ပြင်ဆင်ထားသော revised edition သို့မဟုတ် edition အသစ်တစ်ခုဖြစ်လာပါက ISBN အသစ်လိုအပ်နိုင်သည်။

**ISBN ရှိတာနဲ့ မူပိုင်ခွင့်ရပြီလား**

မဟုတ်ပါ။ ISBN သည် မူပိုင်ခွင့်ကာကွယ်မှုမပေးပါ။ ISBN သည် ထုတ်ဝေမှုကို ခွဲခြားသတ်မှတ်ရန် အသုံးပြုသည့် identifier ဖြစ်သည်။ မူပိုင်ခွင့်သည် ဖန်တီးမှုလက်ရာအပေါ် ဥပဒေဆိုင်ရာ အခွင့်အရေးနှင့်

> ISBN သည် စာအုပ်အမည်ကိုသာ ညွှန်းသည့် နံပါတ်မဟုတ်ပါ။ စာအုပ်အမည်တူနိုင်သည်၊ စာရေးသူ အမည်တူနိုင်သည်၊ ထုတ်ဝေသူ မတူနိုင်၊ ထုတ်ဝေမှု (edition) မတူနိုင်၊ ထုတ်ဝေမှုပုံစံ (format) မတူနိုင်။ ထို့ကြောင့် "မည်သည့် ထုတ်ဝေမှုကို ရည်ညွှန်းနေသနည်း"ဆိုသည့် မေးခွန်းကို စနစ်များက တိကျစွာဖြေရှင်းနိုင်ရန် စံသတ်မှတ်ထားသော identifier လိုအပ်လာသည်။ ISBN က ထိုတာဝန်ကိုထမ်းဆောင်

သက်ဆိုင်သည့်သီးခြားကိစ္စဖြစ်သည်။ ထို့ကြောင့် ISBN ရရှိခြင်းကို မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် တစ်ခုတည်းဟု မယူဆသင့်ပါ။

**ISBN နဲ့ ဘားကုဒ် တူသလား**

မတူပါ။ ISBN သည် နံပါတ်ဖြင့်ခွဲခြားသတ်မှတ်သည့် identifier ဖြစ်ပြီး ဘားကုဒ်သည် ထိုနံပါတ်အချက်အလက်ကို စက်ဖြင့်ဖတ်ရှုနိုင်အောင် ကိုယ်စားပြုထားသည့် machine–readable ပုံစံတစ်ခု ဖြစ်သည်။ စာအုပ်ဆိုင်တွင် ဘားကုဒ်ကို scanner ဖြင့်ဖတ်လိုက်သော အခါ POS စနစ်က သက်ဆိုင်ရာ product record နှင့် ချိတ်ဆက်ပြီး ဈေးနှုန်း၊ သိုလှောင်မှုအခြေအနေ စသည့်အချက်အလက်များကို အသုံးပြုနိုင်သည်။

**ISBN ရှိခြင်းက ဘာအကျိုးရှိသလဲ**

ISBN က စာအုပ်ကို ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ စာအုပ်ဆိုင်၊ အွန်လိုင်း စာအုပ်ဆိုင်နှင့် စာကြည့်တိုက်တို့၏ စနစ်များအတွင်း တိကျစွာ ရည်ညွှန်းနိုင်စေသည်။ စာအုပ်အမည်တူမှုကြောင့် ဖြစ်နိုင်သည့် ရှုပ်ထွေးမှုကို လျှော့ချပေးပြီး ထုတ်ဝေမှုနှင့် format များကို ခွဲခြား နိုင်စေသည်။ Order၊ inventory၊ catalogue နှင့် metadata စနစ်များကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရာတွင်လည်း အရေးပါသည်။

အဓိကအားဖြင့် ISBN သည် စာအုပ်တစ်အုပ်ကို "လူတွေသိတဲ့ စာအုပ်" မှ "စနစ်တွေပါ တိကျစွာသိနိုင်တဲ့ publication" တစ်ခု ဖြစ်လာအောင် ကူညီပေးသည်။

**ISBN ရှိရုံနဲ့ ကမ္ဘာတစ်ဝန်း အလိုအလျောက်ရှာတွေ့နိုင်ပြီလား**

မဟုတ်ပါ။ ISBN ရှိခြင်းသည် အရေးကြီးသော်လည်း စာအုပ်ခေါင်းစဉ်၊ စာရေးသူ၊ ထုတ်ဝေသူ၊ ထုတ်ဝေသည့်နေ့စွဲ၊ edition၊ format၊ ဘာသာစကား၊ မျက်နှာဖုံး၊ ဖော်ပြချက်၊ ဈေးနှုန်းနှင့် ရရှိနိုင်မှု အခြေအနေ စသည့် မက်တာဒေတာများကို သက်ဆိုင်ရာ retail၊ bibliographic နှင့် distribution systems များသို့ မှန်ကန်စွာ ပေးပို့ စီမံရန်လည်း လိုအပ်သည်။ ISBN က တံခါးဖွင့်ပေးသည့် သော့တစ်ချောင်းဖြစ်နိုင်သည်။ တံခါးဖွင့်ပြီးနောက် စာအုပ်ကို ဘယ်နေရာသို့ရောက်စေမည်ဆိုသည်ကို မက်တာဒေတာနှင့် ဖြန့်ချိရေးက ဆက်လုပ်ပေးရသည်။

**စာရေးသူက ISBN ကို ဘယ်အချိန်မှာ စဉ်းစားသင့်သလဲ**

စာအုပ်ပုံနှိပ်ပြီးမှ ISBN အကြောင်း စဉ်းစားခြင်းထက် ထုတ်ဝေမှု အစီအစဉ်ဆွဲသည့်အချိန်ကတည်းက စဉ်းစားထားသင့်သည်။ ဘယ်သူက ထုတ်ဝေသူဖြစ်မလဲ၊ အဖုံးပျော့လား အဖုံးမာလား၊ e–book ပါ ထုတ်မလား၊ edition တစ်မျိုးထက်ပိုရှိမလား၊ ဘယ်ဈေးကွက်တွင် ဖြန့်ချိမလဲ၊ metadata ကို ဘယ်လိုစီမံမလဲ၊ ISBN ကို ဘယ်သူက တာဝန်ယူလျှောက်ထားမလဲဆိုသည့် မေးခွန်းများကို ကြိုတင်ဖြေထား နိုင်လျှင် ထုတ်ဝေရေးအဆင့်တွင် ဖြစ်လာနိုင်သည့်အမှားများကို လျှော့ချနိုင်သည်။

**ISBN ကို နံပါတ်တစ်ခုအဖြစ်သာ မမြင်သင့်**

စာရေးသူအတွက် အရေးအသားက အရေးကြီးသည်။ ထုတ်ဝေသူ အတွက် production က အရေးကြီးသည်။ စာအုပ်ဆိုင်အတွက် inventory၊ စာကြည့်တိုက်အတွက် cataloguing၊ အွန်လိုင်းစာအုပ်ဆိုင် အတွက် metadata၊ ဖြန့်ချိသူအတွက် product identification က အရေးကြီးသည်။ ထိုအရာအားလုံးကြားတွင် သီးခြားထုတ်ဝေမှုတစ်ခု ကို တိကျစွာရည်ညွှန်းပေးနိုင်သည့် စံအမှတ်အသားတစ်ခုလိုသည်။ ISBN က ထိုနေရာ၌ဝင်လာသည်။

စာရေးသူ၏အလုပ်သည် နောက်ဆုံးစာကြောင်းကို ရေးပြီးသည့် နေရာ၌ အဆုံးမသတ်သေးပါ။ စာအုပ်တစ်အုပ် စာဖတ်သူ၏လက်ထဲသို့ စနစ်တကျ ရောက်ရှိသွားသည့်အချိန်အထိ publishing journey က ဆက်ရှိနေသေးသည်။ ထိုခရီးတွင် ISBN သည် ဂဏန်း ၁၃ လုံးသာ ဖြစ်နိုင်သော်လည်း ၎င်း၏နောက်ကွယ်တွင် စာအုပ်တစ်အုပ်၏ သီးခြားထုတ်ဝေမှုအမှတ်အသား၊ ဒေတာစနစ်နှင့် ကမ္ဘာလုံးဆိုင်ရာ စာအုပ်ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးရှိနေကြောင်း တင်ပြလိုက် ရပါသည်။ ။

**ကိုသန့် (Wheel-turning)**

## လှည်းကူးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း / တံတားများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃**

ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ကုန် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လှည်းကူးမြို့နယ်ကျေးလက်လမ်း ဆောင်ရွက်သည့် ကျေးရွာချင်း ဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၆–၂၀၂၇ ဆက် လမ်း/တံတားများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူ များက ဖဲခမဲကျေးရွာအုပ်စု တွင်းတစ်ရာကျေးရွာမှ သပြု–ဒါးပိန်လမ်းသို့ ဆက်သွယ်သည့် ကျောက်ချောလမ်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ် ဦးစီးအရာရှိ(မြို့ပြ)က ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

## နတ်မောက်မြို့နယ်၌ ဓာတ်မြေဩဇာနှင့်နေကြာမျိုးစေ့များ ပေးအပ်

**နတ်မောက် စက်တင်ဘာ ၃**

မကွေး တိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ဝါသီးနှံဖွံ့ဖြိုးတိုးတက် ရေးအတွက် ဓာတ်မြေဩဇာနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ် ပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဝါပန်းတိုင်



အထွက်နှုန်းရရှိရေး စံပြကွက် ဆောင်ရွက်သည့် ကျေးရွာအုပ်စု ခုနစ် အုပ်စုနှင့် မျိုးစေ့ထုတ် ဆောင်ရွက်သည့် ကျေးရွာအုပ်စု ခုနစ် အုပ်စုမှ တက်ရောက်လာ ကြသည့် တောင်သူအစုအဖွဲ့ ခေါင်းဆောင် ၆၀ တို့အား ဓာတ်မြေဩဇာနှင့် နေကြာမျိုးစေ့ များ ထောက်ပံ့ပေးအပ်ခဲ့ကြ ကြောင်း သိရသည်။ လှဝင်း

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

## ရန်ကုန်တက္ကသိုလ်၌ တရုတ် - မြန်မာ လူငယ်များ ဆွေးနွေးဖလှယ်ခြင်းနှင့် မီဒီယာတွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

တရုတ် – မြန်မာ လူငယ်များ ဆွေးနွေးဖလှယ်ခြင်းနှင့် ၂၀၂၆ ခုနှစ် တတိယသုံးလပတ် တရုတ်–မြန်မာ မီဒီယာတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် Center for Research and Innovation၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင် ဦးအေးချမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေး ဒေါက်တာနိုင်ဆွေဦးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် မီဒီယာနှင့် လူငယ်များ၏ အခန်းကဏ္ဍ၊ ဒေသတွင်းတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းသည့် အတွေးအမြင်သစ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ယနေ့ တွေ့ဆုံဆွေးနွေးမှုများကို မြန်မာ–တရုတ် နှစ်နိုင်ငံအကြား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းခိုင်မာစေပြီး နှစ်နိုင်ငံလူငယ်မျိုးဆက်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရန်၊ လူငယ်များသာမက နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု (People–to–People Contact) ကိုလည်း ပိုမိုတိုးမြှင့်ပေးနိုင်ရန်၊ နှစ်နိုင်ငံအကြား အနာဂတ်ဖလှယ်ပူးပေါင်းဆောင်ရွက်မှုများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် သတင်းမီဒီယာကဏ္ဍ ပိုမိုတိုးတက်ခိုင်မာလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုနားလည်သိရှိပြီး မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ကျောင်းသားလူငယ်များနှင့် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့် ဆွေးနွေးပွဲလည်း ဖြစ်သည်။ **သစ္စာ(MNA)**



## ယာယီရေဘေးရှောင် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်နှင့် ထမင်းထုပ်များ ပေးအပ်

ပဲခူး စက်တင်ဘာ ၃

ပဲခူးမြစ်ရေဝင်ရောက်မှုကြောင့် ကလျာဏီသိမ်တော်ကြီးဘုန်းကြီးကျောင်း၌ အနိမ့်ပိုင်းနေအိမ်များမှ ယာယီရေဘေးရှောင်နေကြသည့် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်နှင့် ထမင်းထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် အနိမ့်ပိုင်းနေရာများအတွင်းသို့ ပဲခူးမြစ်ရေ ဝင်ရောက်နေမှုကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များအား ထမင်းထုပ်များ၊ ရေသန့်၊ အအေးနှင့် မုန့်များပေးအပ်၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကာ ရေဝင်ရောက်မှုအပေါ် ကူညီဆောင်ရွက်နေကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၊ မြို့သစ်ရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်တို့တွင် ပဲခူးမြစ်မှ အဓိကရေဝင်ရောက်လျက်ရှိသည့် ကုလားရိုက်ရိုးချောင်း ယာယီရေတားတာ ဆောင်ရွက်ထားရှိမှုနှင့် ရေဝင်ရောက်မှုလျော့နည်းသက်သာစေရေး ရေတံခါး အမှတ်(၁)နှင့် အမှတ်(၂) ဆောင်ရွက်မည့် လျာထားနေရာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပဲခူးမြစ်ရေစီးဆင်းနေမှု၊ မဇင်းလမ်းဆုံအနီးရေကျော်နေမှုနှင့် ကလျာဏီသိမ်တော်ကြီးဘုန်းကြီးကျောင်း၌ အနိမ့်ပိုင်းနေအိမ်များမှ ယာယီရေဘေးရှောင်နေကြသည့် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်နှင့် ထမင်းထုပ်များပေးအပ်ကာ ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်သို့ ရေဝင်ရောက်လျက်ရှိသည့် ပန်းဆိုးချောင်း ပြန်လည်တူးဖော်နိုင်ရေး၊ ဇိုင်းဂနိုင်းကြီးကျေးရွာမှ အနောက်ဘက်မြို့ရှောင်လမ်းသို့ ချိတ်ဆက်ထားသည့် ကျေးရွာချင်းဆက်လမ်း ယာယီရေကျော်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်နီ–ပိန္နဲကုန်း (တ) လမ်းမှ အင်းကြီးလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက အကျိုးပြုကျေးရွာ သုံးရွာရှိ လူဦးရေ၃၅၉၈ ဦး၏ပညာရေး၊ ကျန်းမာရေးနှင့်ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား သင်တန်းသူများ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ သုံးလသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၇–၉–၂၀၂၆ ရက်မှ ၇–၁၂–၂၀၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
|---|---|---|
| (၁) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoft word၊ Microsoft Excel၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (၂) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ထုတ်နည်း၊ Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီ နှင့် ကျားရှပ်အင်္ကျီချုပ်နည်း |
| (၃) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီးဆံပင်ပုံစံမျိုးစုံညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင်ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (၄) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းဘောင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓါတ်ပုံ(၂)ပုံ
၄။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်
၆။ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်(ပုံစံ–၁၂)

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။


သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်– ၀၆၇–၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) ဖုန်းနံပါတ် ၀၁–၉၆၆၁၇၁၂၊ ၀၉–၄၄၈၀၃၅၀၈၀၊ ၀၉–၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**


# ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

ပုံ (၂)၊ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၇ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | လားရှိုး | ၆.၈ |
| ၄ | တောင်ကြီး | ၇.၀ |
| ၅ | မိုင်းဆတ် | ၆.၇ |
| ၆ | ကျိုင်းတုံ | ၆.၇ |
| ၇ | စစ်ကိုင်း | ၆.၉ |
| ၈ | ညောင်ဦး | ၆.၅ |
| ၉ | မုံရွာ | ၆.၈ |
| ၁၀ | ပျဉ်းမနား | ၆.၆ |
| ၁၁ | ပြင်ဦးလွင် | ၆.၆ |
| ၁၂ | ကလေးဝ | ၆.၅ |
| ၁၃ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ |
| ၁၄ | မှော်ဘီ | ၆.၇ |
| ၁၅ | မကွေး | ၆.၆ |
| ၁၆ | အောင်လံ | ၆.၆ |
| ၁၇ | လှိုင်ကော် | ၆.၆ |
| ၁၈ | စစ်တွေ | ၆.၈ |
| ၁၉ | ပြည် | ၆.၅ |
| ၂၀ | ပဲခူး | ၆.၆ |
| ၂၁ | တောင်ငူ | ၆.၅ |
| ၂၂ | ပုသိမ် | ၆.၅ |
| ၂၃ | မအူပင် | ၆.၇ |
| ၂၄ | ဟသ်ာတ | ၆.၆ |
| ၂၅ | မော်လမြိုင် | ၆.၆ |
| ၂၆ | ဘီးလင်း | ၆.၅ |
| ၂၇ | ဘားအံ | ၆.၆ |
| ၂၈ | ကော့ကရိတ် | ၆.၈ |
| ၂၉ | ထားဝယ် | ၆.၅ |
| ၃၀ | မြိတ် | ၆.၇ |
| ၃၁ | ကော့သောင်း | ၆.၅ |

## ရန်ကင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန် တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၅) ရပ်ကွက် ဓမ္မိတဓမ္မာရုံ၌ ယနေ့တွင် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပသည်။



**အမှာစကားပြောကြား**

ဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေရှိုင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင့်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးချစ်ကိုကိုတို့က အမှာစကား ပြောကြားသည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး၊ ရေစီးရေလာ၊ လျှပ်စစ်မီးပေးဝေမှု ဆောင်ရွက်ပေးနေမှု အခြေအနေများကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## ကျောက်တန်းမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဆောင်ရွက်နေသည့် လုပ်ငန်းများကို စက်တင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ကြာကန်-ပီလခတ်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအတွက် ပစ္စည်းစုဆောင်းခြင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (နေပြည်တော်)မှ အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦး၊ သန်လျင်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဝင်း၊ ကျောက်တန်းမြို့နယ် ဦးစီးအရာရှိ ဒေါ်ခင်သီတာဟန်၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

## မှော်ဘီမြို့နယ်အတွင်းရှိလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန် တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တာဝန်ရှိသူများက ယနေ့တွင် ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လိပ်ပွတ်- ယင်းတိုက်ပင် လမ်းအရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ ၃ ခုနစ်လက်မအား ကွန်ကရစ်ခင်းခြင်း၊ ထိန်စွန်း- တောင်ပို့တစ်ရာ - အထယုလမ်းအား ကျောက်ဖြင့် အနိမ့်အမြင့်ဖြေညှိ၍ ကွန်ကရစ်ခင်းခြင်းနှင့် ဝါးနက်ချောင်း - သရက်သုံးပင်- ရွှေပြည်လမ်းအား ကျောက်ဖြင့် အနိမ့်အမြင့်ဖြေညှိ၍ ကွန်ကရစ်ခင်းခြင်းတို့ကို အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ယု ဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ တပ်ဖွဲ့ဝင်မိသားစုများက စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မင်းတဲ အီကင်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရတနာမဂ္ဂျူဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် တိုက်ရိုက်ကုန်းလမ်းခရီး မကြာမီကာလအတွင်း ဖွင့်လှစ်မည်

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၃**

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် တိုက်ရိုက်ကုန်းလမ်းခရီးအား မကြာမီကာလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး အန်ဒရီ နီကီတင်က ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ပြင်ပတွင် ပြောကြားသည်။

မကြာမီကာလအတွင်း နှစ်နိုင်ငံအကြား တံတားတစ်စင်းနှင့် ခါဆန် နယ်စပ်ဖြတ်ကျော်ကုန်းလမ်းအား ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား တိုက်ရိုက်ရောက်ရှိနိုင်မည့် ကုန်းလမ်းရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုကဲ့သို့ ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား တိုက်ရိုက် ရောက်ရှိနိုင်မည့် ကုန်းလမ်းခရီးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကို ချောမွေ့စေပြီး နှစ်နိုင်ငံ ကုန်သွယ်မှုကို မြှင့်တင်ပေးမည်ဖြစ်ကာ လုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်အား သက်သာစေမည်ဖြစ်သည်။

အဆိုပါ (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၁ရက်မှ ၄ ရက်အထိ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည်ဖြစ်သည်။

**ကိုးကား – TASS**

**ဘာသာပြန် – စိုးသူရ**



# နီပေါရေအားလျှပ်စစ်စက်ရုံတစ်ခုအတွင်း ပိတ်မိနေသော အလုပ်သမား ဒါဇင်နှင့်ချီ အသက်ရှင်နိုင်ဖွယ်ရှိကြောင်း နီပေါတာဝန်ရှိသူတစ်ဦး ပြောကြား

**ခတ္တမန္ဒူ စက်တင်ဘာ ၃**



နီပေါ-တရုတ်နယ်စပ်အနီးတွင် ပြင်းထန်သည့် ရတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပွားပြီး တစ်ပတ်ကျော်ကြာမြင့်ခဲ့သော်လည်း ရေအားလျှပ်စစ်စက်ရုံ တစ်ခုအတွင်း ပိတ်မိနေသော အလုပ်သမား ဒါဇင်နှင့်ချီ၍ အသက်ရှင်နိုင်ဖွယ်ရှိကြောင်း နီပေါ အရာရှိတစ်ဦးက ယနေ့ ပြောကြားခဲ့သည်။

နီပေါနှင့် တရုတ်နယ်စပ်မှ ၅ ကီလိုမီတာခန့်အကွာ တောင်ကြားဒေသတွင် တည်ရှိသော ရာဆူဝါခရိုင်အတွင်းရှိ ရာဆူဝါဂါဒီ ရေအားလျှပ်စစ်စီမံကိန်း၏ မြေအောက်ဥမင်လိုဏ်ခေါင်း တစ်ခုတွင် အလုပ်သမားများ ပိတ်မိနေမှုနှင့် ပတ်သက်၍ နိုင်ငံခြားသတင်းဌာနတစ်ခုက ဖော်ပြခဲ့သည်။

ရာဆူဝါဂါဒီ၌ အလုပ်သမား ၄၆ ဦးခန့် ဥမင်လိုဏ်ခေါင်းအတွင်းရှိ အခန်း ပုံစံဖွဲ့စည်းထားသော နေရာတစ်ခု ၌ ပိတ်မိနေသည်ဟု ယူဆရကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။ ထို့ပြင် တစ်ပတ်ကျော်ကြာသွားပြီ ဖြစ်သော်လည်း ၎င်းဥမင်လိုဏ်ခေါင်းအတွင်း၌ စားစရာများနှင့် ရေရှိသည့်အတွက် ၎င်းတို့အနေဖြင့် အသက်ရှင်နေလိမ့်မည်ဟု အခိုင်အမာ ယုံကြည်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လွန်ခဲ့သည့်ရက်အနည်းငယ်က တပ်မတော်အနေဖြင့် ဥမင်လိုဏ်ခေါင်းအတွင်း ဝင်ရောက်ရှာဖွေရန် ကြိုးပမ်းခဲ့သော်လည်း အဆိုပါအခန်းကို ရှာမတွေ့ခဲ့ကြောင်းနှင့် ကယ်ဆယ်ရေးသမားများ ထပ်မံဝင်ရောက်ရှာဖွေလျက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများတွင် မတ်စောက်သော မြေမျက်နှာသွင်ပြင်ကို အသုံးချနိုင်ရန် ရည်ရွယ်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများစွာကို တည်ဆောက်လျက်ရှိသည်။

ရာဆူဝါနှင့် နူဝါကော့ခရိုင်များရှိ ရေအားလျှပ်စစ်စက်ရုံများမှ အလုပ်သမား ၆၃၀ ကျော်သည် စက်တင်ဘာ ၂ ရက်အထိ အဆောက်အအုံများ သို့မဟုတ် ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ဥမင်လိုဏ်ခေါင်းများအတွင်း ပိတ်မိနေခဲ့ကြောင်း နိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ချမှတ်ဆောင်ရွက်

**ပေကျင်း စက်တင်ဘာ ၃**

တရုတ်နိုင်ငံသည် ၂၀၂၆ မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်ကြာကာလအတွင်း နိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်ဆန်းသစ်မှုရှိရေးတို့အတွက် ရည်မှန်းချက်များချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရည်အသွေးနှင့် ပမာဏကြီးထွားလာစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းလုပ်ငန်းများအောင်မြင်ရေးအတွက် စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနဆယ်ခုက ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်အရ ဆောင်ရွက်ပါက နိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်တက်လာမည်ဖြစ်ပြီး အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းငယ်များ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး နှစ်စဉ်ပျမ်းမျှအသုံးစရိတ်သည် ၈ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိလာမည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအရေအတွက် ၂၂၀၀၀ ရှိလာမည်ဟု သိရသည်။

ယခုအစီအစဉ်အရ SMEများ၏ ဝန်ဆောင်မှုစနစ်ကို ဆက်လက်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံနှင့် ပြည်ပမှ SME များအတွက် ပူးပေါင်းဆောင်ရွက်ရေးဇုန်အရေအတွက်ကို ၅၀ အထိ မြှင့်တင်မည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အမေရိကန်၏ တိုက်ခိုက်မှုတစ်ခုက မင်္ဂလာပွဲအခမ်းအနားကို ထိမှန်ခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရ

**တီဟီရန် စက်တင်ဘာ ၃**

အမေရိကန်တပ်ဖွဲ့များက ၎င်းတို့၏ နောက်ဆုံးထိုးစစ်တွင် အီရန်စစ်ရေးပစ်မှတ်များကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ သို့သော် အီရန်အရာရှိများကမူ တိုက်ခိုက်မှုတစ်ခုသည် မင်္ဂလာပွဲအခမ်းအနားတစ်ခုကို ထိမှန်ခဲ့ပြီး လူအများအပြား ထိခိုက်ကြောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံ တောင်ပိုင်းရှိ ဆီရတ်ခ်ခရိုင်၌ ကျင်းပသည့် အဆိုပါမင်္ဂလာပွဲအခမ်းအနားတွင် တိုက်ခိုက်မှုကြောင့် နည်းဆုံး လေးဦး သေဆုံးပြီး ၆၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရန်မီဒီယာများက သတင်းဖော်ပြခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုသည် "နိုင်ငံတကာဥပဒေ"ကို ချိုးဖောက်ရာရောက်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့က ပဋိပက္ခကာလအတွင်း ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများစွာတွင် ကလေးများနှင့် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဘတ်ဂျ်ဟာဂါလီဘတ်ဖ်က ပြောကြားခဲ့သည်။

အမေရိကန်ဗဟိုစစ်ဌာနချုပ်ပြောရေးဆိုခွင့်ရှိသူ တင်မ်ဟော့ကင်စ်က ၎င်းတို့အနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်တပ်ဖွဲ့က အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်လေ့မရှိပါကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များသည် အီရန်ကို ထိရောက်စွာ တိုက်ခိုက်ခဲ့ကြောင်းနှင့် ယခုပြန်လည်စတင်သည့် စစ်ဆင်ရေးသည် အချိန်ကြာမြင့်မည်မဟုတ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံက ငါးရက်ကြာအားလပ်ရက်ကာလအတွင်း ခရီးသွားဧည့်သည် ၆ ဒသမ ၅ သန်းခန့် ကြိုဆိုခဲ့

**ဟနွိုင်း စက်တင်ဘာ ၃**



ဗီယက်နမ်နိုင်ငံက ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ငါးရက်ကြာမြင့်သော အမျိုးသားနေ့ အားလပ်ရက်ကာလအတွင်း ခရီးသွားဧည့်သည် ခန့်မှန်းခြေ ၆ ဒသမ ၅ သန်းခန့်ကို ကြိုဆိုခဲ့ပြီး ယင်းပမာဏမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဗီယက်နမ်ခရီးသွားလုပ်ငန်းဆိုင်ရာ အမျိုးသားအာဏာပိုင်အဖွဲ့ကို ကိုးကား၍ ဗီယက်နမ်သတင်းဌာနက ယနေ့ သတင်းဖော်ပြခဲ့သည်။

တောင်ပိုင်းဒေသ၏ အဓိကမြို့ကြီးဖြစ်သော ဟိုချီမင်းမြို့သည် ခရီးသွားဧည့်သည်ဝင်ရောက်မှု အများဆုံးဖြစ်ပြီး အဆိုပါကာလအတွင်း ခန့်မှန်းခြေခရီးသွားဧည့်သည် ၁ ဒသမ ၇၁ သန်းခန့် ဝင်ရောက်ခဲ့ရာ ယခင်နှစ်ကာလတူထက် ၁၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ဟိုချီမင်းမြို့၏ စုစုပေါင်းခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေမှာ ဗီယက်နမ်ဒေါင် ၄ ဒသမ ၉ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၃ သန်းခန့်) ရှိခဲ့ပြီး ၁၈ ဒသမ ၃၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် အခြားသော ဒေသပေါင်း ၁၀ ခုမှလည်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုပမာဏသည် ဗီယက်နမ်ဒေါင် ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၉ သန်းခန့်) ကျော် ရရှိခဲ့သည်။

မြို့တော် ဟနွိုင်း၊ ဟိုချီမင်းမြို့နှင့် အလယ်ပိုင်းဒေသရှိ ဒါနန်းမြို့တို့သည် ခရီးသွားဧည့်သည်ဝင်ရောက်မှု အများဆုံးစာရင်းတွင်ရပ်တည်နေပြီး မြို့တစ်မြို့ချင်းစီ၏ ခရီးသွားလုပ်ငန်းဆိုင်ရာဝင်ငွေမှာ ဗီယက်နမ်ဒေါင် ၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁၇ သန်းခန့်) ကျော်စီရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# သန့် (၅) သန့်နှင့်အညီ နေထိုင်ခြင်း

ဒေါက်တာအောင်ညွန့်ပိုင်

**လူသားတိုင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် ပျော်ရွှင်သောမိသားစုဘဝကို တည်ဆောက်ရန်အတွက် "ကျန်းမာရေး"သည် အဓိကသော့ချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြစ်သော "သန့် (၅) သန့်"ဟုခေါ်သည့် လက်၊ အစားအစာ၊ ရေ၊ အိမ်သာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့သည် မိမိတို့ဒေသအတွင်းတွင် အမြဲတစေခြိမ်းခြောက်နေသည့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ တုပ်ကွေး စသည့် ရောဂါများရန်မှ ကာကွယ်ပေးနိုင်သည့် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းများဖြစ်ကြသည်။**

**သန့်ရှင်းသောလက်ဖြင့် အသက်ရှူလမ်းကြောင်းနှင့် အစာအိမ်ရောဂါများကို ကာကွယ်ခြင်း**

လက်သည် နေ့စဉ်လူမှုဘဝတွင် အရာဝတ္ထုမျိုးစုံနှင့် အမြဲထိတွေ့နေရသဖြင့် ပိုးမွှားများကပ်ငြိရန် အလွယ်ကူဆုံး အစိတ်အပိုင်းဖြစ်သည်။ လက်ကို စနစ်တကျဆေးကြောခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသာမက လက်မှတစ်ဆင့် နှာခေါင်း၊ ပါးစပ်တို့အတွင်းသို့ ဝင်ရောက်တတ်သော တုပ်ကွေးနှင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများကို တိုက်ရိုက်ကာကွယ်နိုင်သည်။

**လက်ဆေးရမည့်အချိန်များ**

အစားအစာ မကိုင်တွယ်မီ၊ မချက်ပြုတ်မီနှင့် အစားအစာ မစားသုံးမီ။ အိမ်သာတက်ပြီးတိုင်းနှင့် ကလေးမစင်ကို ကိုင်တွယ်သန့်စင်ပြီးချိန်။ နှာချေ၊ ချောင်းဆိုး သို့မဟုတ် နှာညှစ်ပြီးတိုင်း။ လူအများကိုင်တွယ်သောအရာဝတ္ထုများ (ဥပမာ- တံခါးလက်ကိုင်၊ ငွေစက္ကူ၊ ဘတ်စ်ကားလက်တန်း) ကို ထိတွေ့ပြီးချိန်။ အမှိုက် သို့မဟုတ် တိရစ္ဆာန်များကို ကိုင်တွယ်ပြီးချိန်တို့ဖြစ်သည်။

**စနစ်တကျလက်ဆေးနည်း (အနည်းဆုံး စက္ကန့် ၂၀)**

လက်ကို ရေနှင့်ဆပ်ပြာသုံး၍ လက်ဖဝါး၊ လက်ဖမိုး၊ လက်ချောင်းကြား၊ လက်မ၊ လက်သည်းများနှင့် လက်ကောက်ဝတ်တို့ကို အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ပွတ်တိုက်ဆေးကြောရမည်ဖြစ်သည်။ ရေမရှိသောနေရာများတွင် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းကျော်ပါဝင်သော လက်သန့်ဆေးရည် (Hand Gel) ကို အသုံးပြုပါ။

**ဘေးကင်းစိတ်ချရသော အစားအသောက်သန့်ရှင်းရေးနှင့် ဝမ်းပျက်ဝမ်းလျှောတားဆီးရေး**

မသန့်ရှင်းသော အစားအစာများနှင့် လမ်းဘေးယင်နားစာများသည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)နှင့် အစာအဆိပ်သင့်ခြင်းကို လျင်မြန်စွာဖြစ်ပွားစေနိုင်သည်။


**အစားအစာသန့်ရှင်းရေး လမ်းညွှန်ချက်များ**

ဟင်းသီးဟင်းရွက်၊ သားငါးများကို လတ်ဆတ်စွာ ရွေးချယ်ဝယ်ယူပြီး မချက်ပြုတ်မီ ရေစင်အောင်ဆေးကြောပါ။ အစားအစာများကို ယင်ကောင်မနားစေရန် ဆန်ခါ၊ အဖုံးများဖြင့် လုံခြုံစွာဖုံးအုပ်ထားပါ။

အသား၊ ငါးနှင့် ဥအမျိုးမျိုးကို အပူချိန်ပြည့်ဝစွာဖြင့် ကျက်အောင်ချက်ပြုတ်ပါ။ လမ်းဘေးယင်နားစာများနှင့် အအေးစာများကို လုံးဝရှောင်ကြဉ်ပါ။ ကျန်ရှိသော ဟင်းလျာများကို စနစ်တကျ ဖုံးအုပ်သိုလှောင်ပြီး ပြန်လည်စားသုံးပါက အပူပြန်ပေးပြီးမှစားပါ။ မိသားစုတိုင်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ဓာတ်ဆားထုပ် (ORS) များကို အမြဲဆောင်ထားပါ။ ဝမ်းသွားပါက ရေဓာတ်ခန်းခြောက်မှု မရှိစေရန် ဓာတ်ဆားရည်ကို ချက်ချင်းဖျော်စပ်တိုက်ကျွေးပါ။

**သောက်ရေနှင့်သုံးရေ သန့်ရှင်းစင်ကြယ်ရေး**

သန့်ရှင်းသောရေကို မရရှိခြင်း သို့မဟုတ် သောက်ရေသုံးရေကန်များအတွင်း ရောဂါပိုးမွှားများကူးစက်ခြင်းသည် ဝမ်းရောဂါ၊ ကာလဝမ်းရောဂါနှင့် တိုက်ဖွိုက် (အူရောင်ငန်းဖျား) ရောဂါများကို ကပ်ရောဂါအသွင် ပြန့်ပွားစေနိုင်သည်။




**ရေစင်ရေသန့်ရရှိရေး နည်းလမ်းများ**

သောက်ရေကို ပွက်ပွက်ဆူအောင် အနည်းဆုံး ငါးမိနစ်ခန့် ကျိုချက်ပြီးမှ သောက်သုံးပါ။

FDA အသိအမှတ်ပြု ရေသန့်စင်စက် သို့မဟုတ် ရေစစ်ကန်များကို အသုံးပြုပါ။ အရေးပေါ်အခြေအနေများနှင့် ရေဘေးသင့်ချိန်များတွင် ရေတွင်းရေကန်များကို ကလိုရင်း (Chlorine) ဆေးပြားခတ်၍ သန့်စင်ပါ။ လိုအပ်ပါက Life Straw (ရေသန့်စင်စစ်တံ)ကို အသုံးပြုနိုင်သည်။

ရေလှောင်ကန်၊ ရေအိုးများကို အဖုံးလုံခြုံစွာဖုံးအုပ်ထားပြီး ပုံမှန်ဆေးကြောပါ။ ရေခပ်ရာတွင် သန့်ရှင်းသော ကိရိယာများကိုသာ အသုံးပြုပါ။

**စနစ်ကျသော အိမ်သာသန့်ရှင်းရေးနှင့် မစင်စွန့်ခြင်း**

မစင်စွန့်ခြင်းကို စနစ်တကျ မလုပ်ဆောင်ပါက မစင်ထဲမှပိုးမွှားများသည် ယင်ကောင်များ၊ ဖိနပ်မပါဘဲ လမ်းလျှောက်ခြင်းများမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ပြီး သန်ကောင်ရောဂါနှင့် ဝမ်းရောဂါများကို ဖြစ်စေသည်။

**အိမ်သာစနစ် လမ်းညွှန်ချက်များ**

မိသားစုတိုင်း ယင်လုံအတားအဆီးပါသော စနစ်ကျသည့်အိမ်သာကို ဆောက်လုပ်သုံးစွဲရမည်ဖြစ်သည်။ ကွင်းပြင်၌ မစင်စွန့်ခြင်း အလေ့အကျင့်ကို လုံးဝပယ်ဖျက်ရမည်ဖြစ်သည်။ အိမ်သာခွက်နှင့် ကြမ်းပြင်ကို နေ့စဉ်သန့်ရှင်းရေးလုပ်ပါ။ ကလေးမစင်များ အပါအဝင် မစင်အားလုံးကို အိမ်သာထဲသို့သာ စနစ်တကျစွန့်ပစ်ပါ။ အိမ်သာတက်ပြီးတိုင်း ရေလောင်းပါ၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ချက်ချင်းဆေးပါ။ အိမ်သာကျင်းပြည့်ပါက စနစ်တကျ မြေဖို့ခြင်း သို့မဟုတ် စုပ်ထုတ်ခြင်းပြုလုပ်ပါ။

**ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေး၊ တုပ်ကွေး၊ ကိုဗစ်-၁၉ ကာကွယ်ရေး**

မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် နေအိမ်များ ညစ်ပတ်ပြီး လေဝင်လေထွက်မကောင်းပါက ခြင်ကျားများပေါက်ပွားပြီး သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သကဲ့သို့ တုပ်ကွေးဗိုင်းရပ်စ်ပိုးများ အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သည်။

**ကာကွယ်ရေးလုပ်ဆောင်ချက်များ**

သွေးလွန်တုပ်ကွေးအတွက် (ဖုံး၊ သွန်၊ လဲ၊ စစ်)။ ။ ရေအိုးရေကန်များကို ခြင်မဝင်စေရန်ဖုံးပါ။ ဘုရားပန်းအိုးနှင့် ရေခွက်များကို တစ်ပတ်တစ်ကြိမ် ရေသွန်ပါ။ ရေအိုးအတွင်းနံရံရှိ ခြင်ဥများကို ပွတ်တိုက်လဲလှယ်ဆေးကြောပါ။ ပိုးလောက်လမ်းရှိ၊ မရှိ စစ်ဆေးပြီး အဘိတ် (Abate) ဆေးခတ်ပါ။

တုပ်ကွေးနှင့် ကိုဗစ်-၁၉ အတွက် (လေဝင်လေထွက်နှင့် တစ်ကိုယ်ရေကာကွယ်မှု)။ ။ နေအိမ်များကို အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။ လူဦးရေထူထပ်သောနေရာများသို့ သွားလာပါက နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ပါ။ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ် သို့မဟုတ် တစ်ရှူးဖြင့် လုံခြုံစွာဖုံးအုပ်ပါ။

အမှိုက်စွန့်ပစ်ခြင်း။ ။ အမှိုက်များကို စနစ်တကျ စည်းကမ်းရှိစွာ စွန့်ပစ်ပါ။ ခြင်ကျားများ မပေါက်ပွားနိုင်စေရန် ရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ တာယာအဟောင်းများကို ရှင်းလင်းပါ။

"သန့် (၅) သန့်" လမ်းညွှန်ချက်များကို လိုက်နာခြင်းသည် မိမိတို့ဒေသအတွင်း ဖြစ်ပွားတတ်သော ကူးစက်ရောဂါအမျိုးမျိုးကို တားဆီးနိုင်သည့် အကောင်းဆုံးသော ကျန်းမာရေးအာမခံချက်ဖြစ်သည်။

အကယ်၍ မိသားစုဝင်တစ်ဦးဦးတွင် အပြင်းအထန်ဖျားခြင်း၊ ကော်ဖီရောင် သို့မဟုတ် သွေးအန်ခြင်း၊ အရေပြားတွင် အနီစက်များ ထွက်လာခြင်း (သွေးလွန်တုပ်ကွေးသံသယ)၊ ဆန်ဆေးရည်ကဲ့သို့ ဝမ်းများ အဆက်မပြတ်သွားခြင်း (ပြင်းထန်ဝမ်းရောဂါသံသယ) သို့မဟုတ် အသက်ရှူရခက်ခဲခြင်း၊ မောပန်းခြင်းနှင့် အောက်ဆီဂျင်ကျခြင်း (တုပ်ကွေး/ ကိုဗစ်-၁၉ ပြင်းထန်လက္ခဏာ)များ ပြသလာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း သို့မဟုတ် ကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပြသ ကုသမှုခံယူရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

**❋ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြစ်သော "သန့် (၅) သန့်"ဟုခေါ်သည့် လက်၊ အစားအစာ၊ ရေ၊ အိမ်သာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့သည် မိမိတို့ဒေသအတွင်းတွင် အမြဲတစေခြိမ်းခြောက်နေသည့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ တုပ်ကွေး စသည့်ရောဂါများရန်မှ ကာကွယ်ပေးနိုင်သည့် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းများဖြစ်ကြ**

**❋ လက်သည် နေ့စဉ်လူမှုဘဝတွင် အရာဝတ္ထုမျိုးစုံနှင့် အမြဲထိတွေ့နေရသဖြင့် ပိုးမွှားများကပ်ငြိရန် အလွယ်ကူဆုံးအစိတ်အပိုင်းဖြစ်သည်။ လက်ကို စနစ်တကျဆေးကြောခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသာမက လက်မှတစ်ဆင့် နှာခေါင်း၊ ပါးစပ်တို့အတွင်းသို့ ဝင်ရောက်တတ်သော တုပ်ကွေးနှင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများကို တိုက်ရိုက်ကာကွယ်နိုင်**

## အုတ်တွင်းမြို့နယ်၌ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် ဆောင်ရွက်မည့်တောင်သူများနှင့် တွေ့ဆုံ

**အုတ်တွင်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်၊ စီမံကိန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်အတွင်းရှိ တစ်ဆက်တစ်စပ်တည်း ကျေရှိသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁ ရက်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက စနစ်တကျ တစ်ကွင်းတည်း၊ တစ်ဆက်တစ်စပ်တည်း ကျေရှိသည့် ဒေသခံတောင်သူများနှင့် သမဝါယမအသင်းသား တောင်သူများအား သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် သီးနှံများ စုပေါင်းဝယ်ယူမည်၊ စုပေါင်းရောင်းချမည်ဖြစ်ကာ ကုန်ကျစရိတ် သက်သာမည်ဖြစ်ကြောင်း၊ ပါဝင်ဆောင်ရွက်မည့် တောင်သူများအနေဖြင့် မြေယာဝန်ဆောင်ခ ရရှိမည့်အပြင် ထည့်ဝင်ထားသည့် ကုန်ကျစရိတ်အချိုးအတိုင်း အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



# ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း (၁-၈-၂၀၂၆ ရက်နေ့မှ ၃၁-၈-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ | သန်လျင်မြို့နယ် | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ | ဒလမြို့နယ် | ကောင်းမွန် | | | | | |
| | ၉ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | | | | လက်ခံနိုင်သော | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | ကောင်းမွန် | | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ငူမြို့ | ကောင်းမွန် | | | | | |
| | ၃ | ပြည်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သာယာဝတီမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၁၀ | ကယားပြည်နယ် | | | | | | | |
| | ၁ | လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၂ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | ကောင်းမွန် | | | | | |
| | ၂ | ကျိုင်းတုံမြို့ | ကောင်းမွန် | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## နောက်တစ်ရက်အတွင်း မင်းကင်းမြို့နှင့် မုံရွာမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၈ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၄ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်း နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရပြီး နောက်တစ်ဆင့် တက်ရောက်ခွင့်ရရှိ

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု(K) ဒုတိယနေ့ကို စက်တင်ဘာ ၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရရှိသည်။

မြန်မာအသင်းသည် ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး မိနစ် ၇၀ ကျော်အထိ နှစ်ဂိုးသာသွင်းယူနိုင်သော်လည်း လက်ကျန်မိနစ် ၂၀ ဝန်းကျင်အတွင်း ငါးဂိုးထပ်မံသွင်းယူနိုင်သဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ပွဲချိန်ပြည့်နီးပါး တစ်ဖက်သတ် ဖိကစားနိုင်သော်လည်း အကောင်းဆုံးပုံစံပြသနိုင်ရန် ရုန်းကန်နေရဆဲဖြစ်သည်။

မြန်မာအသင်း နည်းပြချုပ် ယူဂျီသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး စိုင်းခန့်မင်းညို(ဂိုး)၊ စွမ်းဇာနည်၊ သက်ပိုင်စိုး၊ ကြယ်ရောင်မင်းလေး၊ စိုင်းမိုဟန်၊ မျိုးခန့်ကျော်၊ အောင်သီဟ၊ ကျော်ညီညီ၊ သူရမင်းသန့်၊ ခန့်ဝင်းအောင်၊ သော်ဇင်ကိုတို့ကို အသုံးပြုခဲ့သည်။ ဘရူနိုင်းအသင်း၏ ခံစစ်ကစားပုံကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့သည်။ သို့သော် တိုက်စစ်တွင် ဘောလုံးအပျက်များနေသဖြင့် ၂၄ မိနစ်မှ ဂိုးစတင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို အောင်သီဟက သွင်းယူပြီး ၃၇ မိနစ်တွင် သူရမင်းသန့်က ဒုတိယဂိုး ထပ်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ် ဦးဆောင်နေသည်။

**သွင်းယူ**

ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်ရရန် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်သော်လည်း ပွဲကစားချိန် ၇၂ မိနစ်မှ ပြိုင်ဘက်ကစားသမား မိုဟာမက် အာဇယီ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် တတိယဂိုးရခဲ့ခြင်း ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးများဆက်တိုက်ရခဲ့ပြီး ၇၄၊ ၈၃ မိနစ်တွင် သော်ဇင်ကို၊ ၈၁ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ၈၂ မိနစ်တွင် ကျော်ညီညီတို့က သွင်းယူခဲ့သည်။

ဒုတိယပွဲတွင် မော်လ်ဒိုက်အသင်းက သီရိလင်္ကာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထို့ကြောင့် ခြေစစ်ပွဲ အုပ်စု(K)တွင် မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့သည် နောက်ဆုံးပွဲ ထိပ်တိုက် မတွေ့ဆုံမီ နောက်တစ်ဆင့် တက်ခွင့်ရရှိခဲ့သည်။ မြန်မာအသင်းနှင့် မော်လ်ဒိုက် အသင်းတို့သည် အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ - စိုးညွန့်သော်**



မြန်မာအသင်းမှ ကျော်ညီညီ၏ ထိုးဖောက်မှုကို ဘရူနိုင်းနောက်ခံလူများ ဖျက်ထုတ်နေစဉ်။

**✻ မြန်မာလက်ရွေးစင်မှ**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြရာ ပွဲပြီးဆုံးချိန်တွင် မြန်မာလက်ရွေးစင် ယူ-၂၀ အမျိုးသားအသင်းက ဘရူနိုင်းလက်ရွေးစင် ယူ-၂၀ အမျိုးသား အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

မြန်မာလက်ရွေးစင် ယူ-၂၀ အမျိုးသားအသင်းသည် 2027 AFC U 20 Asian Cup ပြိုင်ပွဲ အုပ်စု(K)တွင် သီရိလင်္ကာ လက်ရွေးစင် ယူ-၂၀ အမျိုးသား အသင်း၊ ဘရူနိုင်းလက်ရွေးစင် ယူ-၂၀ အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ယူ-၂၀ အမျိုးသား အသင်းတို့ဖြင့် ကျရောက်ကာ နှစ်ပွဲကစားရမှတ် ၆ မှတ် ရရှိထားပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မော်လ်ဒိုက် လက်ရွေးစင် ယူ-၂၀ အမျိုးသား အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❒ တိုက်စစ်မှူးမှ**

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဖိုဖာနာဟာ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အတွင်းက ဒဏ်ရာပြဿနာကြုံတွေ့ခဲ့တာကြောင့် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု တစ်ကြိမ်သာပြု လုပ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဖိုဖာနာဟာ ကစားသမားဘဝ ကို KAA Gent အသင်းမှာ စတင်ခဲ့တာဖြစ်ပြီး ၂၀၂၄ ခုနှစ်မှာတော့ လိုင်ယွန်အသင်းဆီပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းဟာ ယခုဘောလုံးရာသီအတွက် အသက် ၁၈ နှစ်အရွယ်ရှိ အီကွေဒေါ်တိုက်စစ်မှူး ဂျူအန် ရီကယ်မီကိုလည်း ခေါ်ယူအားဖြည့်ထားတာ ဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းဟာ နောက်တန်းကစားသမားတွေဖြစ်တဲ့ သောမက်မူနီယာ၊ ဒါယန်းမက်သာလီ၊ ကွင်းလယ်ကစားသမား အာဟိုကာတို့ကို ခေါ်ယူထားပြီး ယခုဘောလုံးရာသီ အဖွင့်ပွဲစဉ် နှစ်ပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်အောင် ကစားထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**



M-League ပွဲအချို့ လက်ခံကျင်းပမည့် Sunset Field, Star City Sport Club ကွင်းကို တွေ့ရစဉ်။

**❍ M-League မှ**

သန်လျင်သီဟဒီပကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ စက်တင်ဘာ ၆ ရက်တွင် ပုသိမ်ကျောက်တိုင်ကွင်း၌ ရွှေဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ စက်တင်ဘာ ၇ ရက်တွင် သန်လျင်သီဟဒီပကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စောင့်ကြည့်ရမည်**

ပွဲစဉ်(၂)တွင် အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲ မပါဝင်သော်လည်း ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်း ထိပ်တိုက်တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည်။ ပွဲစဉ်(၁)တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်ကို သရေကစားထားသည့် ရန်ကုန်စီးတီးအသင်း၏ ခြေစွမ်းကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး အသင်းသစ်သဖွယ် ပြင်ဆင်ထားသည့် ရတနာပုံအသင်း နိုင်ပွဲဆက်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ တန်းတက် မြဝတီနှင့် ကစားရမည်ဖြစ်သောကြောင့် ပထမဆုံးနိုင်ပွဲအတွက် ကြိုးစားရမည်ဖြစ်ပြီး နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း တန်းတက် Chinland နှင့် ကစားရမည်ဖြစ်သည်။ ခြေစွမ်းမကွာသည့် သစ္စာအားမာန်နှင့် ဟံသာဝတီ၊ အား/ကာသိပ္ပံနှင့် စစ်ကိုင်း၊ ရွှေဝတီနှင့် ဒဂုံစတားတွေ့ဆုံမှုများကလည်း ပြိုင်ဆိုင်မှု ပြင်းထန်လာနိုင်သည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - ML**

**❖ အာရှအမျိုးသမီးမှ**

အုပ်စုမဲခွဲမှုအရ အုပ်စု(A)တွင် နာဂိုရန် (မြောက်ကိုရီးယား)၊ INAc ကိုဘေး(ဂျပန်)၊ ဘန်ခါတွန်(အီရန်)၊ ရွှေဝတီ(မြန်မာ)၊ အုပ်စု(B)တွင် ဟွာချွန်(တောင်ကိုရီးယား)၊ ဟိုချီမင်းစီးတီး(ဗီယက်နမ်)၊ အရှေ့ဘင်ဂေါ (အိန္ဒိယ)၊ 4.25 (မြောက်ကိုရီးယား)၊ အုပ်စု(C)တွင် မဲလ်ဘုန်းစီးတီး(ဩစတြေးလျ)၊ ဘေဂျင်းကျန်တန်(တရုတ်)၊ ကာယာ(ဖိလစ်ပိုင်)၊ နာဆာ့ဖ်(ဥဇဘက်ကစ္စတန်)တို့ ပါဝင်နေသည်။

နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၂ သင်း ပါဝင်ပြီး လေးသင်းသုံးအုပ်စုခွဲ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီနှင့် တတိယနေရာရမည့် သုံးသင်းအနက် အကောင်းဆုံး နှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စု(A)ပွဲစဉ်များကို မြန်မာနိုင်ငံ၊ အုပ်စု(B) ပွဲစဉ်များကို အိန္ဒိယ၊ အုပ်စု(C) ပွဲစဉ်များကို ဥဇဘက်ကစ္စတန်နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

ရွှေဝတီအသင်းသည် ခြေစစ်ပွဲအုပ်စုပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး တရုတ်(တိုင်ပေ)၊ စင်ကာပူနှင့် လက်ဘနွန်ကလပ်များကို သုံးပွဲစလုံးအနိုင်ယူကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်သော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာ လက်လီ/လက်ကားဈေး၊ ဈေးအဆောက်အအုံအမှတ်-(N)၊ ဆိုင်ခန်းအမှတ်-(၁)+(၂)ဟုခေါ်တွင်သော အကျယ်အဝန်း-(၁၄ပေx၄၅ပေ)ရှိ ဦးအောင်သူ အမည်ပေါက် ဆိုင်ခန်း(၂)ခန်းနှင့် ယင်းဆိုင်ခန်းတို့အပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံသူ ဦးအောင်သူ [၁၄/လမန(နိုင်)၀၀၀၈၉၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ် နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လမင်းထက် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၅၁)**
**အမှတ်-၉၇၇/က၊ မြဝတီမင်းကြီး(၃)လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၀၆၄၂၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၉၉၇၊ မြေကွက်တည်နေရာအမှတ်-၉၉၇၊ ၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်တင်အောင် (AA-၀၂၂၅၂၁)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်သီတာ အေး[၇/တငန(နိုင်)၁၀၄၆၆၀]မှ (တရားလို)ပြုလုပ်၍ အမည်ပေါက် ဒေါ်တင်အောင် အား(တရားပြိုင်)ထားကာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှု အမှတ်-(၁/၂၀၂၆)အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်သည့်(၃၀-၃-၂၀၂၆)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၃၄/၂၀၂၆)(၅-၅-၂၀၂၆)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း တရားရုံး(ကိုယ်စား) အရောင်းမြေပုံကူးလျှောက်ထားရန် ဒေါ်မြင့်မြင့်ကြည်[၁၂/ဒပန (နိုင်)၀၂၈၃၄၂]အား ဘီလစ်ခန့်အပ်ကြောင်း(၁၅-၅-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်တိုက်တစ်လုံးရှိ(တရားနိုင်)ကိုယ်တိုင်နေထိုင်ပြီး မြေပြင်ကွင်းဆင်း စစ်ဆေးသည်ကိုသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "တိုက်ခန်း" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှသက်ထွန်း [၁၁/ကဖန(နိုင်)၀၄၃၅၄၉] သည် "ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-(၄၂)ပေါ်တွင် ဆောက်လုပ်ထားသော (၇)ထပ်တိုက်၏ (၅-လွှာ)၊ အတွင်း (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော အကျယ်(၁၁ ၃/၂ x၅၀)ပေရှိ တိုက်ခန်း(၁)ခန်း အပါအဝင် ရေမီး၊ မော်တာ အစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဒေါ်အယ်(လ်)စောရာ[၁၃/တကန(နိုင်) ၁၃၅၀၂၄]" ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း (LL.B) (စဉ် - ၁၄၅၉၈)**
**ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ဦးမျိုးမင်း(ခ)ဦးအေးကျင်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်(၅)၊ အကျယ်အဝန်း (၄၀ပေx၁၀၀ပေ)ရှိ ခြံမြေကွက် နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်သွပ်မိုး ပျဉ်ထောင်အိမ် တို့သည် ဖခင်ဦးဘိုကြီးနှင့် မိခင် ဒေါ်ကျင်လှတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်ပါသည်။ ဖခင်ဦးဘိုကြီးနှင့် မိခင်ဒေါ်ကျင်လှတို့မှ အမွေဆက်ခံသူ သား၊ သမီး(၂)ဦးဖြစ်သော ဦးမျိုးမင်း (ခ)ဦးအေးကျင်နှင့် ဒေါ်ဌေးဌေးနိုင် (ခ)ဒေါ်ဌေးကျင် တို့အား မွေးဖွားခဲ့ပါသည်။ သို့ပါ၍ ဖခင်နှင့် မိခင်တို့ ပိုင်ဆိုင်ခဲ့သော အထက်ပါအိမ်ခြံမြေသည် အမွေဆက်ခံသူသား၊ သမီး (၂)ဦးမှ ဆက်လက်ပိုင်ဆိုင်သောကြောင့် ယနေ့အချိန်ထိ ဆက်လက် နေထိုင်လျက်ရှိကြပါသည်။ အထက်ပါအမွေဆိုင်ပစ္စည်းဖြစ်သော အိမ်ခြံ မြေအား ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်ဌေးဌေးနိုင်(ခ)ဒေါ်ဌေးကျင် သဘောတူ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ်ခြင်း၊ အိမ်ခြံမြေ၏တစ်စိတ်တစ်ပိုင်းအား ခွဲခြမ်းစိတ်ဖြာခြင်း တို့အား သဘောတူခွင့်ပြုလက်ခံမည်မဟုတ်ပါ။ အဆိုပါ အမွေဆိုင်ပစ္စည်း နှင့်စပ်လျဉ်းပြီး ဒေါ်ဌေးဌေးနိုင်(ခ)ဒေါ်ဌေးကျင် သဘောတူသိရှိခြင်း မရှိဘဲ ဆောင်ရွက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းဆောင် ရွက်ပေးမည်မဟုတ်ကြောင်း ဦးမျိုးမင်း(ခ)ဦးအေးကျင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးနိုင်(ခ)ဒေါ်ဌေးကျင် [၁၂/တမန(နိုင်)၀၆၈၈၀၆]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဗိုလ်ဗိုလ်ဇော် အထက်တန်းရှေ့နေ(စဉ်-၅၃၂၂၁)**
**အမှတ် (၈/အေ-၂)၊ ပိတောက်ရွှေဝါ (၁)လမ်း၊**
**(၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၂၅၀၂၃၁၇၅၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ည)၊ ရော(၁၅)လမ်း၊ မြေကွက်အမှတ်(၇၂၅)၊အကျယ်အဝန်း(၅၈x၆၀) ပေရှိ နှစ်(၆၀) ဂရန်မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံကိန်းနှင့်မြေယာစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ယခုရောင်းချသူ၏ ဖခင် ဦးလှငွေ(AD-၀၂၇၉၂၀) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါ သည်။ အမည်ပေါက် (ဖခင်) ဦးလှငွေ(၂၀၀၈) တွင်လည်းကောင်း၊ (မိခင်) ဒေါ်အမာ ခင်သည်(၂၀၂၀)ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီးနောက် အထက် ဖော်ပြပါမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့်(ခြေရင်းခြမ်း) အကျယ် အဝန်း(၂၉ x ၆၀)ပေရှိ မြေကွက်အား မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ယခု ရောင်းချသူ ဒေါ်ဘေဘီ [၁၂/ဥကမ(နိုင်)၂၇၂၃၇၁]မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင် ခွင့်ရှိသူဖြစ်ကြောင်း၊ ယခုရောင်းချသူမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးတိုးတိုး[၉/မနမ(နိုင်) ၁၀၈၄၂၀]က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာချို(LL.B,DIPL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၄၈၅/က၊ ဣန္ဒာ(၅)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၇၅၀၁၅၄၀၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၇၂/က-ခ၊ ဧရိယာ(၄၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၇၂/က+ခ)၊ ရှခင်းသာမြို့ပတ်လမ်း၊ ၅-ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်အေး [၁၂/သကတ(နိုင်)၀၁၈၅၉၀]၊ ဦးထွန်း ကြည် [၁၂/သကတ(နိုင်)၀၁၈၄၅၄]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းကြည်၏ (၂၀'x၆၀') ပိုင်ဆိုင်ခွင့်အစုအတွက် ဦးတင်ထွန်းဝင်း(ကိုယ်တိုင်)နှင့် ဒေါ်သီတာ၊ ဒေါ်မြတ်နန်းအေး၊ ဦးကျော်စွာလင်း တို့၏ အခွင့်ရကိုယ်စားလှယ်မှ တရားလိုပြုလုပ်၍ ဦးစန်းဦး၊ ဦးမြင့်သိန်းတို့အား တရားပြိုင်ထားကာ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၂/ ၂၀၂၂ ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်းကို ဒီကရီချမှတ်သည့် ၂၄-၄-၂၀၂၅ ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၅၇/၂၀၂၅ ဖြင့် အမွေစုများအား တရားရုံး များက ခွဲဝေပေးပြီးဖြစ်၍ ယင်းဇာရီမှုအား ပိတ်သိမ်းသည့် ၄-၉-၂၀၂၅ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဦးသန်းဦးမှ တရားလိုပြုလုပ်၍ ဦးစန်းဦးအား တရားပြိုင်ထားကာ တရားမကြီးမှုအမှတ်-၄၅/၂၀၂၆ ဖြင့် ဦးထွန်းကြည် ပိုင်ဆိုင်သော (၂၀' x ၆၀')ကို တရားလိုတစ်ဦးတည်းပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသည့် ဒီကရီချမှတ်သည့် ၇-၄-၂၀၂၆ ရက်စွဲပါ စီရင်ချက်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တရားရုံးအမိန့်များ၊ အမွေခွဲဝေပေးအပ်ခြင်းအရပ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ တို့တင်ပြ၍ တရားနိုင် ဦးသန်းဦး [၉/မရမ (နိုင်) ၀၁၄၄၇၀]မှ မြေကွက်၏ အစိတ်အပိုင်း (၂၀' x ၆၀')ကို (Portion)ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ သပြေညိုလမ်း၊ အမှတ်(၆၅၉)၊ ဦးကျော်သန်း အမည်ပေါက် နှစ်(၆၀)ဂရန် မူရင်းပါ မြေအကျယ်ပေ(၄၂x ၆၀)အနက် တရားဝင်မခွဲစိတ်ရသေးသော မြေကွက် အမှတ်(၆၆၀)နှင့်ကပ်လျက်ဘက်(ဂရန်မူရင်းခြမ်း) မြေအကျယ်ပေ (၂၀x ၆၀)ရှိမြေနှင့် နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးသင်း[၁၂/တမန(နိုင်) ၀၇၀၇၃၉]၊ ဒေါ်မြမြသင်း[၁၂/ဒဂမ(နိုင်)၀၀၁၃၄၂]၊ ဒေါ်တင်တင်လှ[၁၂/ဒဂမ(နိုင်) ၀၀၁၃၄၃]တို့မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံ တစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်သီတာသိမ့်[၁၂/ဒဂရ(နိုင်)၀၁၉၁၇၇] မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီတာသိမ့်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၀) (၁၇-၇-၂၀၁၈)**
**(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ၀၉-၇၈၁၂၁၀၈၁၅**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးအောင်ကိုကို(ဘ)ဦးတင်ထွန်း [၁၂/မဂဒ(နိုင်)၁၆၆၉၆၀]နှင့် ဒေါ်ကြည်ကြည်လှိုင်(ဘ)ဦးကျော်ဝင်း [၁၂/လမန(နိုင်)၁၄၈၈၆၀] တို့သည် (၂၀-၈-၂၀၂၆)ရက်နေ့တွင် သက်သေများရှေ့မှောက်၌ အကြင် လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ လူမှုရေးကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ကြည်ကြည်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝါထွန်း LL.B,D.B.L (UK)အထက်တန်းရှေ့နေ(စဉ်-၅၆၅၅၈)**
**၀၉-၆၉၆၇၄၁၈၂၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁)၊ ဦးပိုင်အမှတ်(၂၄)၊ ၇၃x၇၄ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးလောဆော ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်အေးထွေး[၄/ဟခန(နိုင်)၀၂၂၉၉၇]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မရူပါနှင်း၊ မောင်ရှိုင်း ဝဏ္ဏအောင်၊ မသဲစုနှင်းတို့၏ ဖခင်ဖြစ်သူ ဦးနိုင်ဝင်း(ခ) ဦးနိုင်နိုင်ဝင်း [၈/ဆဖန(နိုင်) ၀၅၇၇၈၁] သည် တစ်ဦး တည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘီးလင်းမြို့နယ်၊ အ.ထ.က (ခွဲ)ဝင်းက မှ Grade-12 ကျောင်းသူ မနွေးနွေးစံ၏ ဖခင်အမည်မှန်မှာ ဦးသန်း လွင် [၇/သနပ(နိုင်)၀၄၇၇၃၁] ဖြစ်ပါကြောင်း။ **ဦးသန်းလွင်**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.လ.က (ဝင်းပ)ကျောင်း Grade-8 မှ စောသူရအောင်၏ မိခင် အမည်မှန်မှာ နော်ဝင်းသန်း[၃/ လဘန(နိုင်)၀၈၂၇၄၆]ဖြစ်ပါ ကြောင်း။ **နော်ဝင်းသန်း [၃/လဘန(နိုင်)၀၈၂၇၄၆]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၅)၊ လူနေရပ်ကွက်အမှတ်(၆/သံဒင်း)၊ စစ်တောင်းသွယ်(၁)လမ်း၊ မြေကွက်အမှတ် (၉၈၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဦးလှကြည် အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်လင်း [၁၂/လမန(နိုင်) ၁၂၂၃၃၇]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်စန္ဒာဝင်း [၁၂/ဥကတ(နိုင်)၀၅၅၈၆၆]နှင့် ဒေါ်ကေခိုင်ကျော်[၁၂/ဥကတ(နိုင်)၁၃၂၁၅၁]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၁)လမ်း၊ မြေကွက်အမှတ် (၃၁၅-က/ခ)၊ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ် (၆)လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ) အကျယ်ရှိ တိုက်ခန်း တစ်ခန်းနှင့် ကိုယ်ပိုင်ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ သော ဒေါ်ယုနန္ဒာအောင်[၁၂/တမန(နိုင်)၁၁၇၁၇၁]က ၎င်းသာလျှင် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသူရထွေး [၁၂/ဒဂတ(နိုင်)၀၈၆၇၃၁] နှင့် ဒေါ်လှဥမ္မာ [၁၂/ဒဂတ(နိုင်)၀၈၆၇၃၂] တို့က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ တိုက်ခန်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရထွေး + ဒေါ်လှဥမ္မာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၇၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၀၇)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ [ဦးသန်းဝင်း၊ ဒေါ်ငွေအောင်၊ ဦးသိန်းနိုင်တို့ (၃)ဦးအမည်ပေါက်] နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းဘက်အစွန်ခြမ်း [မြေကွက်အမှတ်(၁၀၆)နှင့် ကပ်လျက်အခြမ်း] (၁၃'.၄"x၆၀')ရှိ (အမည်ပေါက် ဒေါ်ငွေအောင် ပိုင်ဆိုင်သည့်အစု) မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ငွေအောင် [၁၂/ဥကတ (နိုင်)၀၀၄၆၉၂]ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးသိန်းစိုး [၁၄/ကပန(နိုင်)၁၂၁၃၁၄]၊ ဒေါ်ဌေးဌေးဝင်း [၁၄/ကပန(နိုင်)၁၅၉၀၇၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့အေး [၁၂/ဥကမ(နိုင်)၀၁၇၆၁၈]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၀) (၂၉-၇-၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၁၉၇၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ တော်ဝင်နှင်းဆီလမ်း၊ မြေကွက်အမှတ်(၂၃၂)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေချပါမစ် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးသိန်းဝင်း (TGO-၁၃၁၀၆၆) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဆက်စပ်စာချုပ်စာတမ်းမူရင်းများ ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးမိုးရည် [၁၂/ဒဂရ(နိုင်)၀၁၉၀၀၂] မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးဇာနည်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာမိုး LL.B အထက်တန်းရှေ့နေ (စဉ်-၅၅၄၉၀)**
**အမှတ်(၈၆)၊ အင်းဝ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၉၇၇၄၅၈၅၂၉၊ ၀၉-၇၃၂၃၁၀၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ (၂၀)ရပ်ကွက်၊ ရေကြည်(၂)လမ်း၊ မြေကွက်အမှတ်(၅၄၈)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မာလာကြည်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀x ၆၀)ပေရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း[၁၂/လမန(နိုင်)၀၈၃၆၉၂] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးမျိုးစိုး [၁၂/လမန(နိုင်)၁၂၀၅၁၄]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၁၃၇/က)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နီနီမာအမည်ဖြင့် မှတ်သား တည်ရှိသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ နှင့်တကွ ရေမီးစုံအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နီနီမာ [၁၂/ကမန(နိုင်)၀၆၂၀၇၆]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ကေသွယ်မြင့် [၇/မလန(နိုင်)၀၆၅၄၇၂] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၀)**
**ဒေါ်ယမင်းဖြူဖြူသိန်း [LL.B (Q)] အထက်တန်းရှေ့နေ(စဉ်-၅၇၀၅၃)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဝင်ဆာဂါးဒင်းအိမ်ရာ၊ ရှင်စောပုလမ်း၊ အမှတ်(၂)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇ဒီ)၊ မြေကွက်အမှတ်-၇အီး/၁/ကေ၊ ဂရန်ရှိ မြေပိုင်မြေ၊ အမည်ပေါက် - ဦးအင်းယား [၁၂/လမတ(နိုင်)၀၂၇၅၆၄] မြေကွက်အား မြေအမည်ပေါက်ဖြစ်သူ ခင်ပွန်း ဦးအင်းယားသည် (၄-၄-၂၀၂၆) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ဒေါ်မိဟွာနှင့် ခင်ပွန်းဖြစ်သူ ဦးအင်းယားတို့သည် တရုတ်+ဗမာလူမျိုးဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည်မှာ မှန်ကန်ပါကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက်ပိုင်းတွင် မြေနှင့် အဆောက်အဦအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဇနီးဖြစ်သူ ၎င်းတစ်ဦးတည်းမှပင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့သည်မှာမှန်ကန်ပါကြောင်း၊ ၎င်းမှလွဲ၍အခြားအမွေဆက်ခံခွင့်ရှိသူ တစ်စုံတစ်ရာမကျန်ရှိသည်မှာ မှန်ကန်ပါကြောင်း၊ ပန်းဘဲတန်းမြို့နယ်တရားရုံးတွင် ကျိန်ဆိုသည့် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဒေါ်မိဟွာ [၁၂/လမတ (နိုင်)၀၁၉၅၂၂] က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (၂) ကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မောင်သူရိန်အေး၏ မိခင်အမည်မှန်မှာ နန်းစုစုလှိုင် [၁၀/သထန(နိုင်)၁၂၄၉၂၃] ဖြစ်ပါကြောင်း။

**နန်းစုစုလှိုင်**
**[၁၀/သထန(နိုင်)၁၂၄၉၂၃]**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-က၊ မြေကွက်အမှတ်-၅၄၉/ခ၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ ဒေါ်ယဉ်ယဉ်မြ[၁၂/ဥကမ(နိုင်)၁၂၇၉၁၆] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၄)လမ်း၊ အမှတ်-(၅၄၉/ခ) ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်လာသည့် သားဖြစ်သူ ဦးသက်နောင်ထွန်း [၁၂/ဥကမ(နိုင်)၁၄၉၀၆၇]ထံမှ တိုက်ရိုက်ဝယ်ယူ ပိုင်ဆိုင်ထားသည်ဟုဆိုလာသူ ဦးအောင်ခင်ဆင့်[၁၂/လမန(နိုင်)၀၀၇၀၁၅]က ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ထွန်း[၇/သဝတ(နိုင်)၀၇၀၅၆၆]က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း၊ မိတ္တူများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိအိခိုင်[LL.B,D.I.P.L]**
**[အထက်တန်းရှေ့နေ](စဥ်-၅၇၁၆၈)**
**အမှတ်(၆)၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ -၂၅၄၀၇၄၅၈၃၊ ၀၉-၄၄၅၅၂၃၀၀၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၆**

ဒေါ်စန်းစန်းမြင့် နှင့်
၁။ ဒေါ်အိအိချော
၂။ ဦးရဲမြင့်
၃။ ဒေါ်စိုးစိုးယု
၄။ ဒေါ်တိုးတိုးနု
၅။ ဒေါ်လှဲ့ရည်ဝင်း
၆။ ဦးမြတ်မင်း
၇။ ဒေါ်ဥမ္မာခင်
၈။ ဦးဝင်းကျော်အောင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ပတ္တမြား(၂) လမ်း၊ အမှတ်(၁၁၄၃)နေ (၂) တရားပြိုင် ဦးရဲမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက် ( ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၆) )နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေစင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၆**

ဒေါ်စန်းစန်းမြင့် နှင့်
၁။ ဒေါ်အိအိချော
၂။ ဦးရဲမြင့်
၃။ ဒေါ်စိုးစိုးယု
၄။ ဒေါ်တိုးတိုးနု
၅။ ဒေါ်လှဲ့ရည်ဝင်း
၆။ ဦးမြတ်မင်း
၇။ ဒေါ်ဥမ္မာခင်
၈။ ဦးဝင်းကျော်အောင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၂၂)၊ ၄လွှာ/ဘီ နေ (၅) တရားပြိုင် ဒေါ်လှဲ့ရည်ဝင်းနှင့် (၆) တရားပြိုင် ဦးမြတ်မင်း (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၆) )နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေစင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့န ယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၅၇)၊ ၄၉x၅၀ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမိုဃ်းကျော်၏ (SP ရရှိသူ ဦးစိုးမြင့်လှ) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၄၁၈၄/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စမ်းစမ်းအောင် [၁၃/တကန(နိုင်)၂၃၄၄၄၇]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၀၅၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၆**

ထွန်းကော်မာရှယ်ဘဏ်လီမိတက် (၎င်း၏ဒုတိယမန်နေဂျာ ဦးသူရိန်ဝင်း) } နှင့် { ဒေါ်သဇင်ပွင့်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

သဃ်္ဃန်းကျွန်းခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် -၂၂၄/၂၀၂၄ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀ ၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ် (၄၆/က၂)၊ ဧရိယာ (၀.၀၄၂)၊ ဧက အကျယ်အဝန်းရှိ မြေပိုင်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈၄)၊ မြန်နန္ဒာလမ်း၊ (၁၃) ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**

လေလံကြမ်းခင်းဈေးကျပ်သိန်း(၁၅၀၀၀)

(ကျပ်သိန်းတစ်သောင်းငါးထောင်)

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**( တင့်တင့်ဌေး )**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁)၊ ဦးပိုင်အမှတ်(၄၇) ခဲစင်း၊ ၅၉x၆၀ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်စိန်၏ (SP ရရှိသူ ဦးကျော်သက်လှိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၂၀၃၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေကေထွန်း [၅/ရဘန(နိုင်)၁၃၃၃၈၈]က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၀၆၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၆**

ဒေါ်စန်းစန်းမြင့် နှင့်
၁။ ဒေါ်အိအိချော
၂။ ဦးရဲမြင့်
၃။ ဒေါ်စိုးစိုးယု
၄။ ဒေါ်တိုးတိုးနု
၅။ ဒေါ်လှဲ့ရည်ဝင်း
၆။ ဦးမြတ်မင်း
၇။ ဒေါ်ဥမ္မာခင်
၈။ ဦးဝင်းကျော်အောင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်း၊ တိုက် (၁၁၇)၊ ပထမထပ်/ဘီ နေ (၁) တရားပြိုင် ဒေါ်အိအိချော (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၆) )နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေစင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**သာကေတမြို့နယ်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၆**

ဒေါ်စန်းစန်းမြင့် နှင့်
၁။ ဒေါ်အိအိချော
၂။ ဦးရဲမြင့်
၃။ ဒေါ်စိုးစိုးယု
၄။ ဒေါ်တိုးတိုးနု
၅။ ဒေါ်လှဲ့ရည်ဝင်း
၆။ ဦးမြတ်မင်း
၇။ ဒေါ်ဥမ္မာခင်
၈။ ဦးဝင်းကျော်အောင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေလမ်း(၂၀)/ အရှေ့၊ အမှတ်(၁၇)နေ (၈) တရားပြိုင် ဦးဝင်းကျော်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း (၆) )နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မြရွှေစင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၉)၊ ၇၃x၇၄လမ်းကြား၊ ၁၁၆x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးလောဆော ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်အေးထွေး [၄/ဟခန(နိုင်)၀၂၂၉၉၇]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းဒု-၃၊ (၆)ရပ်ကွက်၊ မြေကွက်အမှတ်(၄၄၃)၊ နှစ်(၆၀)ဂရန်မြေ၊ ဒေါ်ရော်လှိုင်(ခ)ဒေါ်တင်တင်ထွေး အမည်ပေါက် အကျယ်အဝန်း (၆၀x၅၀)ပေမှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော အကျယ်အဝန်း (၃၀x၅၀)ပေ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သင်းသင်းအောင် [၇/ပတန(နိုင်) ၀၁၉၉၆၄]မှ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူလှိုင်မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဥ္ဇာထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၀၃၆၃၈၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၇၅၁)၊ (၁၂၅၀ စ/ပေ) မြေကွက်တည်နေရာ အမှတ် (၇၅၁)၊ သုမိတ္တာ(၁၉)လမ်း၊ (၁)ရပ်ကွက်၊ ဦးခင်မောင် [၁၂/ဥကမ(နိုင်) ၀၉၇၃၉၈]၊ ဦးသန်းစိန် [၁၂/ဥကမ(နိုင်)၁၂၀၀၁၇]တို့ နှစ်ဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်(ဖခင်)သည် (၁၇-၇-၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်းမြင့်(မိခင်)သည် (၂၉-၄-၂၀၂၂)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့သဖြင့် ဒေါ်ရင်ရင်အေး [၁၂/ဥကမ(နိုင်) ၀၀၄၉၄၁]၊ ဒေါ်တင်တင်အေး [၁၂/ဥကမ(နိုင်) ၀၉၈၆၄၉]၊ ဦးကျော်ညွှန့်လှိုင် [၁၂/ဥကမ(နိုင်) ၀၇၉၇၄၅]၊ ဦးထွန်းလင်း [၁၂/ဥကမ(နိုင်) ၁၅၅၉၉၄]တို့မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းစိန်(ဖခင်)သည် (၂၀-၂-၂၀၁၁)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်တင်ရွှေ(မိခင်)သည် (၃-၄-၂၀၀၈)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သန်းသန်းဝင်း [၁၂/ဥကမ(နိုင်) ၁၂၁၉၅၃]မှ ဒေါ်ရင်ရင်အေး၊ ဒေါ်တင်တင်အေး၊ ဦးကျော်ညွှန့်လှိုင်၊ ဦးထွန်းလင်းတို့နှင့်အတူပူးတွဲ၍ နှစ်(၆၀) ဂရန်အမည်ပေါက်များ၏ အမွေဝေစုတို့ကို တရားဝင်အမွေဆက်ခံခွင့်ရှိသူ သား/သမီးများ အသီးသီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ ကိတ္တိမမွေးစားသား/သမီး တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၃၅၇၃/၃၀-၃-၂၀၂၆၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြေးမုံသတင်းစာ၏ (၂၈-၈-၂၀၂၆) ရက်နေ့က စာမျက်နှာ(၃၀)တွင် ထည့်သွင်းပါဝင်သည့် ဦးကျော်ဇော(ခ)အာမက်၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်အိလတ်ဖြိုးမှ ထည့်သွင်းကြော်ငြာခဲ့သည့် အများသိစေရန်ကြော်ငြာအပေါ် ကန့်ကွက်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း [၁၂/လမန(နိုင်) ၁၇၆၄၀၂]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ ရွှေနံ့သာလမ်း၊ ကွင်းအမှတ်- ၅၃၅-စီ၊ အုတ်ဖိုရိုးမြောက်၊ ဦးပိုင်အမှတ် - ၁၂၊ ဥယျာဉ်ခြံမြေ၊ မြေဧရိယာ (၀.၉၂)ဧကရှိသော မြေကွက်ကြီးအား ဒေါ်ကြည်ကြည်ဝင်း၏မိဘများမှ (၂၃-၁-၁၉၇၆)ရက်နေ့တွင် ဒေါ်ခါတုန် ထံမှ သားအကြီးဖြစ်သူ ဦးစိုးနိုင်အမည်ဖြင့် ဝယ်ယူခဲ့ပြီးနောက် ဖခင်ကြီးကွယ်လွန်ချိန်တွင် မိခင် ဒေါ်ဟာလီမာမှ မြေကွက်အား မောင်နှမများကို အညီအမျှခွဲပေးခဲ့ရာ (၁၉-၇-၂၀၀၃)ရက်နေ့တွင် ဦးစိုးနိုင်၏နေအိမ်၌ မောင်နှမများဖြစ်သော ဒေါ်ကြည်ကြည်ခင်၊ ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ကြည်ကြည်ဝင်း တို့အတွက် "ခွဲခြမ်းစိတ်ဖြာအပ်နှံခြင်းစာချုပ်"ကို ချုပ်ဆိုပေးခဲ့ကြောင်း၊ စာချုပ်ချုပ်ဆိုပေးစဉ် ဒေါ်ကြည်ကြည်ဝင်း မလာနိုင်သည့်အတွက် ဒေါ်ကြည်ကြည်ဝင်း ခွဲဝေရရှိရမည့် မြေကွက်စာချုပ်ကို ဒေါ်ကြည်ကြည်ခင်မှ ရယူသွားခဲ့ကြောင်း၊ ဒေါ်ကြည်ကြည်ခင်ထံမှ မြေကွက်စာချုပ်အား ပြန်လည်တောင်းခံရာ ပြန်လည်ပေးဆပ်ခြင်းမရှိကြောင်း၊ ဒေါ်ကြည်ကြည်ဝင်းမှ အမွေခွဲဝေရရှိသော မြေကွက်အား ဒေါ်ကြည်ကြည်ခင်သည် ဦးဝင်းနိုင်ဆိုသူထံ ရောင်းချထားကြောင်းကို စုံစမ်းသိရှိကြောင်း၊ သို့ဖြစ်၍ ဒေါ်ကြည်ကြည်ဝင်း အမွေရရှိထားသော မြေကွက်အား ဒေါ်ကြည်ကြည်ဝင်း သိရှိသဘောတူညီခြင်းမရှိဘဲ ဦးဝင်းနိုင်ဆိုသူအား လိမ်လည်ရောင်းချထားသူ ဒေါ်ကြည်ကြည်ခင်အား ဥပဒေအရအရေးယူပေးပါရန် ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်းဖြစ်သူ ဦးဘာဘူဘောရှောရ်မှ တရားလိုပြုလုပ်၍ မင်္ဂလာဒုံမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ပါသည်။ အမှုအား မင်္ဂလာဒုံမြို့မရဲစခန်းမှတစ်ဆင့် မင်္ဂလာဒုံမြို့နယ်တရားရုံးတော်သို့ ရာဇဝတ်ကြီးမှုအမှတ်- ၂၈၈/၂၀၂၅ ဖြင့် တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ - ၄၂၀ အရ လက်ခံစစ်ဆေးခဲ့ပြီး တရားလိုဖြစ်သူ ဦးဘာဘူဘောရှောရ်အား စစ်ဆေးဆဲအဆင့်သို့ ရောက်ရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်ဇော(ခ)အာမက်၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်အိလတ်ဖြိုးမှ ထည့်သွင်းကြော်ငြာခဲ့သည့် အထက်ပါမြေကွက်ကြီး၏ တစ်စိတ်တစ်ပိုင်းအား စရန်ငွေပေးချေ အရောင်းအဝယ်ဆောင်ရွက်မှုအပေါ် ကန့်ကွက်ပါကြောင်း၊ ထိုသို့ကန့်ကွက်ရခြင်းမှာ တရားရုံးတော်တွင်လည်း အမှုစွဲဆိုထားမှုသည် စီရင်ဆုံးဖြတ်ပြီးစီးသေးခြင်းမရှိသေးသည့်အတွက်လည်းကောင်း၊ ဒေါ်ကြည်ကြည်ဝင်းမှ အမွေခွဲဝေရရှိပိုင်ဆိုင်သည့် မြေကွက်အပေါ် ဒေါ်ကြည်ကြည်ဝင်း၏ သိရှိခွင့်ပြုသဘောတူညီမှုမရှိဘဲ ဒေါ်ကြည်ကြည်ခင် အရောင်းအဝယ်ပြုလုပ်ခဲ့သည့်အပေါ် အငြင်းပွားနေသည့် မြေကွက်ဖြစ်၍လည်းကောင်း အဆိုပါ မြေကွက်၏အစိတ်အပိုင်းအား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရခြင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တစ်ဆက်တည်း ကြေညာအပ်သည်မှာ အဆိုပါ မြေကွက်အပေါ် အမွေခွဲဝေရရှိပိုင်ဆိုင်သူဖြစ်သည့် ဒေါ်ကြည်ကြည်ဝင်း၏ ခွင့်ပြုသဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း စသည့်ပြုလုပ်မှုများအပေါ် ပြုလုပ်ဆောင်ရွက်ခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ ဒေါ်ကြည်ကြည်ဝင်း၏ ခွင့်ပြုသဘောတူညီမှုမရှိဘဲ ထိုသို့ ဆောင်ရွက်သူမည်သူ့ကို မဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဝင်း [၁၂/လမန(နိုင်)၁၇၆၄၀၂]၏ လွှဲအပ်ချက်အရ -**

| ဦးသန်းအောင်(LL.B) | ဦးမင်းခန့်ကျော်(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်- ၄၆၉၁) (၂၉-၇-၁၉၈၈) | (စဉ်- ၅၅၈၁၉) (၂၇-၉-၂၀၂၃) |

**အမှတ် (၉/၁၁)၊ အခန်း(၃၀၂/D)တတိယထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၀၈၇၆၉၊ ၀၉-၆၈၀၅၀၈၇၆၉**

## ဒေါ်သန်းညွှန့် (AA - ၀၀၂၁၃၇)နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း [၁၄/မအပ(နိုင်) ၀၄၅၀၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သောင်ကြီးမြောက်(၄)၊ မြေကွက်အမှတ်- ၅၄၅/က၊ မြေကွက်လိပ်စာ- အမှတ်- ၅၄၅(က)၊ မြဝတီလမ်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အလျား(၂၀)ပေ၊ အနံ(၆၀)ပေရှိ မြေကွက်ကို (၁၅-၃-၂၀၂၅)နေ့ရက်တွင် ဦးကြည်မြင့်ထံမှ ဝယ်ယူလက်ရောက် ပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ အမည်ပေါက် ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် လိုအပ်လာပါ၍ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းညွှန့်မှ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေနှင့် လာရောက်တွေ့ဆုံကာ ပဋိညာဉ်ပါအတိုင်း မှတ်ပုံတင်စာချုပ်ကို သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တင်ပြလျှောက်ထားလုပ်ဆောင်ပေးပါရန်၊ ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မှုများပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းတင့် B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၂၀)**
**အမှတ်- ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၅၀၉၉၆၃၇**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၉၅၀/ခ)ဟုခေါ်တွင်ပြီး ဦးမြသိန်း [၁၂/သဃက(နိုင်) ၀၇၀၂၄၂] အမည်ပေါက်သော အကျယ်အဝန်း (အလျား ၂၀x အနံ ၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမွေဆက်ခံပိုင်ဆိုင်၍ လက်ဝယ်ရှိသူဖြစ်သည့်အတွက် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းရီ [၁၂/သဃက (နိုင်) ၀၇၀၂၄၄]က ရောင်းချရန် ကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနောင်မြင့် [၁၄/ကလန(နိုင်) ၁၂၉၄၉၈]က အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး အဆိုပါ ရောင်းသူထံ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုမူရင်း အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနောင်မြင့် [၁၄/ကလန(နိုင်)၁၂၉၄၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းအိဇာ LL.B, D.B.L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၈၉၃၅၁၄၅၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၁ P၊ မြေကွက်အမှတ်- V ၁၈၁၊ ၁၈၂၊ ဧရိယာ (၀.၁၂၉)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၊ ၄၊ ၆)၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁။ ဒေါ်နုနုစို [၁၂/မဂတ(နိုင်) ၀၆၉၆၈၇]၊ ၂။ ဦးတင်မောင်စို [၁၂/မဂတ(နိုင်) ၀၁၄၄၆၀]၊ ၃။ ဦးတင်မောင်မြင့်စို [၁၂/မဂတ(နိုင်) ၀၁၄၃၈၂]၊ ၄။ ဦးတင်မောင်မြတ်စို [၁၂/မဂတ(နိုင်) ၀၁၄၄၁၄] အမည်ပေါက် နှစ်(၉၀)မြေငှားဂရန် (သက်ကုန်)မြေအား အမည်ပေါက် (၄)ဦးအနက် အစ်မကြီးဖြစ်သူ ဒေါ်နုနုစို (အပျိုကြီးဘဝဖြင့်)ကွယ်လွန်၊ တတိယမြောက်မွေးချင်းဖြစ်သူ ဦးတင်မောင်မြင့်စို ရဟန်းဘွဲ့အမည် ဦးပညာသည် (လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ကျန်ရစ်သူ မွေးချင်း (၂)ဦးဖြစ်သူ/ပူးတွဲအမည်ပေါက် (၂)ဦးလည်းဖြစ်သူ ဦးတင်မောင်စို [၁၂/မဂတ(နိုင်) ၀၁၄၄၆၀]၊ ဦးတင်မောင်မြတ်စို [၁၂/မဂတ(နိုင်) ၀၁၄၄၁၄]တို့မှ ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အနက်မှ အစ်မကြီးဖြစ်သူ ဒေါ်နုနုစို၏ ပိုင်ဆိုင်ခွင့်အစုအား မောင်အရင်းများဖြစ်သူ မိမိတို့ ညီအစ်ကို (၂)ဦးလုံးကလည်းကောင်း၊ တတိယမွေးချင်းဖြစ်သူ ဦးတင်မောင်မြင့်စို(ခ) ဦးပညာ၏ပိုင်ဆိုင်ခွင့်အစုအား ညီအရင်းဖြစ်သူ ဦးတင်မောင်စို တစ်ဦးတည်းကလည်းကောင်း၊ မိမိတို့၏ပိုင်ဆိုင်ခွင့်အစုအသီးသီးအား အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့ပိုင်ဆိုင်သည့်မြေကွက်၏ နှစ်(၉၀)မြေငှားဂရန်မူရင်းမှာ အိမ်ပြောင်းရွှေ့ရာတွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အရှုပ်အရှင်းပြဿနာပေါ်ပေါက်ခဲ့ပါကလည်း မိမိတို့အပေါ်တွင်သာ တာဝန်ရှိပါကြောင်းနှင့် မိမိတို့က တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုတရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် ကတိသစ္စာပြုလွှာ (၂)စောင်၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဂရန်၊ နိုင်/ကတ်တို့နှင့်အတူ မြေစာရင်းမှတ်ချက်(၄)အရ ၂၀၂၅ ခုနှစ်တွင် ဦးခင်မောင်ချိုမှ အသိပေးအကြောင်းကြားစာ တင်ပြထားခြင်းနှင့် ပတ်သက်၍ ၎င်းမှာအခန်းအမှတ်(၁၁)နှင့် (၁၂)တွင် နေထိုင်သူဖြစ်ပြီး မြေပိုင်ဆိုင်မှုနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း ၅-၆-၂၀၂၆ ရက်စွဲပါ ရှင်းလင်းတင်ပြစာနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၁၈၁/၂၀၁၆ အရ RC (၁၂)ထပ်တိုက်ဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာ နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်အား ပယ်ဖျက်ပေးစေလိုမှုနှင့် တရားပြိုင်အားပေးအပ်ထားသော မြေပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် မြေကွက်အား လက်ရောက်ပေးအပ်စေလိုမှုစွဲဆိုခြင်းအပေါ် တရားလိုသို့ လက်ရောက်ပေးအပ်စေရန် စရိတ်နှင့်တကွ ချမှတ်သည့် ၂၀-၆-၂၀၁၉ ရက်စွဲပါ စီရင်ချက်အနိုင်ဒီကရီ၊ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်- ၁၁၂/၂၀၂၂ အရ ယခင်ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ၂၀၁၉ ခုနှစ်တရားမဇာရီမှုအမှတ်- ၄၄၃ ဖြင့်လျှောက်ထားဆောင်ရွက်ခဲ့သောအမှုအား ဇာရီမှုပိတ်သိမ်းပေးပါရန် လျှောက်ထားခြင်းအပေါ် ဒီကရီကိုကျေအေးပြေငြိမ်းအောင် မဆောင်ရွက်ရသေးကြောင်းနှင့် မှတ်တမ်းတင်ပြီး ပိတ်သိမ်းသည်ဟု အမိန့်ချမှတ်သည့် ၂၇-၁၁-၂၀၂၅ ရက်စွဲပါ အမိန့်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ SUCCESS ကိုယ်ပိုင် အထက်တန်းကျောင်း Grade(9)မှ (ဘ) ဦးရွှေကျိုး [၄/ဖလန (နိုင်) ၀၃၈၇၈၀]၏ သားမောင်စိန်လင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၁၁-၂၀၀၉) ဖြစ်ပါကြောင်း။

**မောင်စိန်လင်းအောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော် အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၉၃)၊ ဦးပိုင်အမှတ် (၁၃-က)၊ ၄၁လမ်း၊ သားသတ်ရုံလမ်းနှင့် သံနောက်လမ်းမကြီးကြားရှိ ဦးဘသာ၊ ဒေါ်ရီ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးဘသာ၊ မိခင်ဒေါ်ရီ၊ သား ဦးစောမိုးလွင်နှင့် ဇနီး ဒေါ်ကြည်ကြည်အေးတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးမြေးတို့ဖြစ်ကြသော ဒေါ်ခင်ထွေး [၉/မနတ(နိုင်) ၀၃၉၇၆၆]၊ ဒေါ်ခင်လေး [၉/မနတ(နိုင်) ၀၃၈၇၂၈]၊ ဦးထွန်းဝေ [၉/မနတ(နိုင်) ၀၃၈၇၂၉]၊ ဒေါ်မြမြအေး [၉/ မနတ(နိုင်) ၀၃၈၇၃၀]၊ ဦးစောဝင်းနိုင် [၉/မနတ(နိုင်) ၀၄၀၁၇၁]၊ ဒေါ်စောမိမိခိုင် [၉/မနတ(နိုင်) ၁၀၄၄၂၇]၊ ဒေါ်စောမိမိဖြူ [၉/မနတ(နိုင်) ၀၉၉၈၈၄]တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် (၁၀၁)၊ ဦးပိုင်အမှတ် (၇-င)၊ ၁၉x၂၁ လမ်းကြား၊ ၈၉x၉၀ လမ်းကြားရှိ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ယုံ အမည်ပေါက် ဘိုးဘမြေကွက်အား၊ ဖခင် ဦးဘဆန်း(ခ) ဦးအောင်သန်း၊ မိခင် ဒေါ်ခင်ဝင်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများနှင့် ကျန်ပူးတွဲအမည်ပေါက်သူဖြစ်သော ဒေါ်ခင်ယုံ [၉/မနမ(နိုင်) ၀၉၇၈၄၂]၊ ဒေါ်စန္ဒာအောင် [၉/မနမ(နိုင်) ၀၀၀၈၂၁]၊ ဦးရဲဝင်းအောင် [၉/မနမ(နိုင်) ၀၀၃၃၈၅]၊ ဦးမိုးဆန်း [၉/မနမ(နိုင်) ၁၁၆၇၂၇]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် (၁၀၁)၊ ဦးပိုင်အမှတ် (၇-ဃ-ခစင်း+စ-ညခစင်း)၊ ၁၉x၂၁ ကြား၊ ၈၉x၉၀ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဇနီး ဒေါ်ခင်ဝင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၉၅၄/၂၀၂၅)ဖြင့် ခင်ပွန်း ဦးဘဆန်း (ခ) ဦးအောင်သန်းက ပိုင်ဆိုင်ခဲ့ပြီး ဖခင် ဦးဘဆန်း(ခ) ဦးအောင်သန်း ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်သော ဒေါ်စန္ဒာအောင် [၉/မနမ (နိုင်) ၀၀၀၈၂၁]၊ ဦးရဲဝင်းအောင် [၉/မနမ (နိုင်) ၀၀၃၃၈၅]၊ ဦးမိုးဆန်း [၉/မနမ(နိုင်) ၁၁၆၇၂၇]တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ခစင်းပြ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ (၁)လမ်း၊ စလစ်မြေကွက်အမှတ် (**A-137**) ဟုခေါ်တွင်သော အလျားxအနံ ပေ(၄၀) x ပေ(၆၀) မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလစလစ်အမည်ပေါက်ပိုင်ရှင် **ဦးမြမောင်/ဒေါ်သိန်းမြင့်**ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ **ဦးကျော်သူအောင် [၁၁/မပတ(နိုင်) ၀၃၆၁၈၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကန့်ကွက်ကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွန်းလွင် (သန်လျင်)**
**အထက်တန်းရှေ့နေ (စဉ်- ၁၇၅၆၉ / ၁၉၈၉)**
**ဖုန်း - ၀၉-၅၁၀၇၀၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၃)၊ ဦးပိုင်အမှတ်(၉)၊ ၆၀x၆၀-C လမ်းကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးကျော်သန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီးဒေါ်လှမေ [၉/ မရတ(နိုင်) ၀၇၃၈၁၅]က ၂၄၀ဝိ/-၊ ၄၀၀ဝိ/- ငွေသွင်းပြေစာများ၊ မြေချမိန့်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၆

| | | |
|---|---|---|
| ဒေါ်မာမာလွင် | နှင့် | ၁။ ဦးစောလှိုင် |
| (ကွယ်လွန်သူ | | ၂။ ဦးသန်းဦး |
| ဦးဇော်မင်းထွန်း၏ | | ၃။ ဦးစိန်ရွှေ |
| တရားဝင် | | ၄။ ဦးစောသာနိုင် |
| ကိုယ်စားလှယ်) | | ၅။ ဒေါ်ခင်ပပ |
| | | ၆။ ဦးစိန်မင်းထွန်း |
| | | ၇။ ဦးအေးမင်းအောင် |
| | | ၈။ ဦးရဲသူ |
| | | ၉။ ဦးထိန်ဝင်း |
| | | ၁၀။ ဦးငွေသိန်း |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါ အင်းစိန်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၃၂/၂၀၂၂ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ညောင်ကျေးရွာ၊ ဆိပ်ကမ်းသာလမ်းနှင့် နတ်စင်လမ်းထောင့်၊ အမှတ်(၅၈၁)နေ အယူခံတရားပြိုင် (၃) ဦးစိန်ရွှေ (၄) ဦးစောသာနိုင်၊ (၅)ဒေါ်ခင်ပပ၊ (၁၀) ဦးငွေသိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် အင်းစိန်ခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိုးသင်းအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့်ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✪



# M-League ပွဲစဉ်(၂)ကို စက်တင်ဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ကကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ Grand Royal M-League ပြိုင်ပွဲ ပွဲစဉ်(၂)ကို စက်တင်ဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်အချို့ကို ရက်နှင့် ကွင်း ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၂)တွင် ကျင်းပရန် စီစဉ်ထားသည့်ပွဲများအနက် နှစ်ပွဲကို သန်လျင်မြို့နယ် စတားစီးတီးရှိ Sunset Field, Star City Sport Club ၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၂)အဖြစ် စက်တင်ဘာ ၄ ရက်တွင် တောင်ဥက္ကလာပ ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်း၊ သန်လျင်မြို့နယ် Sunset Field, Star City Sport Club ၌ Chinland အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ စက်တင်ဘာ ၅ ရက်တွင် သန်လျင်မြို့ Sunset Field, Star City Sport Club ၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❍

# 2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K) ခြေစစ်ပွဲစဉ်အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၃

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ၊ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များအား ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် မော်လ်ဒိုက်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပွဲများကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်



# အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးကလပ် ရောဝတီအသင်း အုပ်စု(A)၌ ကျရောက်

ရန်ကုန် စက်တင်ဘာ ၃

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၃ ရက်က မလေးရှားနိုင်ငံ၌ ပြုလုပ်ရာ မြန်မာအမျိုးသမီးကလပ် ရောဝတီအသင်းသည် အုပ်စု(A)တွင် ကျရောက်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

# မြန်မာလက်ရွေးစင် ယူ-၂၀ အသင်းက ဘရူနိုင်းလက်ရွေးစင် ယူ-၂၀ အသင်းကို ဂိုးပြတ်အနိုင်ရ



ရန်ကုန် စက်တင်ဘာ ၃

2027 AFC U 20 Asian Cup ပြိုင်ပွဲတွင် မြန်မာလက်ရွေးစင် ယူ-၂၀ အမျိုးသားအသင်းနှင့် ဘရူနိုင်းလက်ရွေးစင် ယူ-၂၀ အမျိုးသားအသင်းတို့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

ထိုသို့ မြန်မာလက်ရွေးစင် ယူ-၂၀ အမျိုးသားအသင်းနှင့် ဘရူနိုင်း လက်ရွေးစင် ယူ-၂၀ အမျိုးသား အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို

စာမျက်နှာ ၁၇ ကော်လံ ၆ သို့ ✻

## ယနေ့ ဖတ်စရာ

**မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ “ကိုကိုနှင့်ညီညီ” လျှပ်စစ်ပစ္စည်းဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၈



# တိုက်စစ်မှူး ဖိုဖာနာ ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့

လိုင်ယွန်အသင်းတိုက်စစ်မှူး ဖိုဖာနာဟာ ဆန်းဒါးလန်းအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့လိုက်ပြီဖြစ်ပါတယ်။

တိုက်စစ်မှူးဖိုဖာနာအား ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ခေါ်ယူဖို့စိတ်ဝင်စားနေပေမယ့် ဆန်းဒါးလန်းအသင်းကသာ အသင်းအရောက် ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❐